ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၁၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။**   ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ၂၄ - ၅ - ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်ခရစ္စထွန်း(ခ)ဒေါက်တာ အားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဟိန်း၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ သမ္မတကြီးနှင့် တွေ့ဆုံပွဲတက်ရောက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဆေးရုံတက်ရောက် ကုသရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်နှင့် ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၃)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးအပ်ပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အခြားနိုင်ငံအများစုကဲ့သို့ တရားစီရင်ရေးဆိုင်ရာ သင်တန်းများ စနစ်တကျ ပို့ချနိုင်ရန် တရားရေးကောလိပ် (Judicial Collage) သို့မဟုတ် တရားရေး အကယ်ဒမီ (Judicial Academy) တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် က ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် အခြားနိုင်ငံအများစုကဲ့သို့ တရားစီရင်ရေးဆိုင်ရာ သင်တန်းများ စနစ်တကျ ပို့ချနိုင်ရန် တရားရေးကောလိပ် (Judicial Collage) သို့မဟုတ် တရားရေး အကယ်ဒမီ (Judicial Academy) တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တောင်ငူပညာရေးကောလိပ်မှ ကျောင်းသူ၊ ကျောင်းသားနှင့် ဆရာ၊ ဆရာမများ၊ လာရောက်လေ့လာကြသူများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများ ပြည့်စုံလျက် မင်္ဂလာအပေါင်း ခညောင်းကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ရွေးချယ်ခံကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ နိုင်ငံတော်၏ ဂုဏ်သိက္ခာ ဝင့်ထည်မှုကို ရေးရှုလျက် တရားရေးသင်တန်းကျောင်း၊

တရားရေးကောလိပ် (Judicial College) တည်ထောင်ရန် ကိစ္စများနှင့် ပတ်သက်၍ မေးခွန်းကို မေးမြန်းရာမှာ မသုံးမဖြစ်သော အင်္ဂလိပ်ဘာသာစကားများ ပါဝင်သုံးစွဲခွင့်ပြုပါရန် ကြိုတင်တောင်းခံအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအများစုတွင် တရားသူကြီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်ရေးအတွက် လိုအပ်သည့် တရားစီရင်ရေးဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ် ပို့ချဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ထိုသို့ သင်ကြားပို့ချရာတွင်လည်း အရှေ့တောင်အာရှနိုင်ငံအများစုတွင်သာမက ကမ္ဘာအနှံ့ရှိ တရားစီရင်ရေးအဖွဲ့အစည်းများအနေဖြင့် တရားရေးကောလိပ် (Judicial College)၊ တရားရေးရာ အကယ်ဒမီ (Judicial Academy)၊ တရားရေးသင်တန်းကျောင်း (Judicial Training Institute) စသည်ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိကြပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အခြားနိုင်ငံများကဲ့သို့ တရားစီရင်ရေးဆိုင်ရာသင်တန်းများ စနစ်တကျ ပို့ချနိုင်ရန် တရားရေးကောလိပ် (Judicial College) သို့မဟုတ် တရားရေးရာ အကယ်ဒမီ (Judicial Academy) တည်ထောင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့အသံ၊ လွှတ်တော်အသံ ဆိုတဲ့ဆောင်ပုဒ်နဲ့ လျော်ညီစွာ ဆယ်စုနှစ် တစ်စုစာ တရားစီရင်ရေးကိစ္စတွေကို ပြည်သူတွေရဲ့ ယုံကြည်မှုရရှိရန် ကြိုးပမ်းရမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ တရားသူကြီးတစ်ဦးချင်းအနေဖြင့် ဂုဏ်သိက္ခာရှိမှု၊ သမာသမတ်ရှိမှုသာမက ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် တရားသူကြီးများရဲ့ အရည်အသွေး ပြည့်ဝမှုသည် ပြည်သူအများစု ယုံကြည်အားထားရသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာရေးအတွက် အဓိကဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တရားသူကြီးများရဲ့ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါတယ်။

ထို့သို့ သင်ကြားပေးရန် တရားရေးကောလိပ်၊ တရားရေးရာ အကယ်ဒမီ စသည်ဖြင့် စနစ်တကျ တည်ထောင်လေ့ကျင့်ပေးရန် လိုအပ်နေပြီလို့ ဆိုချင်ပါတယ်။ တရားသူကြီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကို တိုးတက်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် တရားသူကြီးများအနေဖြင့် အရည်အချင်းရှိသော တရားသူကြီးများ ဖြစ်လာမှာ ဖြစ်ပါတယ်။ အရည်အချင်းရှိသော တရားသူကြီးများ ဖြစ်လာမှသာ မှန်ကန်ပြီး အရည်အသွေးရှိသော စီရင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်မှာဖြစ်ပါတယ်။ ထိုသို့ မှန်ကန်ပြီး အရည်အသွေးရှိသော စီရင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်မှသာ ပြည်သူအများစုမှ တရားစီရင်ရေးအပေါ် ယုံကြည်ကိုးစားလာကြမှာ ဖြစ်ပါတယ်။ ပြည်သူများမှ တရားစီရင်ရေးအပေါ် ယုံကြည်ကိုးစားလာခြင်းသည် တရားဥပဒေစိုးမိုးရေးဆိုတဲ့ (Rule of Laws) အတွက် အဓိကကျတဲ့ အချက်ပင် ဖြစ်ပါတယ်။

ထို့အပြင် အဆင့်ဆင့်သော တရားသူကြီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ကျင့်ဝတ်လိုက်နာမှု၊ တရားစီရင်ရေးလုပ်ငန်းများတွင် လုံ့လရှိမှုဖြင့်သာ လွတ်လပ်သော တရားစီရင်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ တရားသူကြီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်ရေးသည် လွတ်လပ်သော တရားစီရင်ရေးကို ဖော်ဆောင်ရာမှာ လွန်စွာအရေးပါသည်ဟု ထင်မြင်ယူဆပါတယ်။ ပြည်ထောင်စု၏ နှစ်အလိုက် ဘတ်ဂျက်ခွဲဝေ သုံးစွဲတာကို လေ့လာတဲ့အခါမှာ (၁) ၂၀၁၅–၂၀၁၆ ခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အသုံးစရိတ် အရအသုံးဆိုင်ရာ ဥပဒေအရ ခွဲဝေပေးသည့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေ အားလုံး၏ (၀.၁၅၀) ရာခိုင်နှုန်းကို ခွဲဝေရရှိပါတယ်။ ၂၀၁၇–၂၀၁၈ ခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွဲဝေပေးသည့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေအားလုံး၏ (၀.၁၈၅) ရာခိုင်နှုန်းကိုလည်းကောင်း၊ သာမန်အသုံးစရိတ်ငွေ အားလုံး၏ (၀.၁၀၁) ရာခိုင်နှုန်းကိုလည်းကောင်း ခွဲဝေရရှိပါတယ်။

အရှေ့တောင်အာရှနိုင်ငံများရဲ့ တရားရေးသင်တန်းကျောင်းများမှ မြန်မာနိုင်ငံနှင့် ဘရူနိုင်း နိုင်ငံ နှစ်ခုမှလွဲ၍ တရားရေးကောလိပ် မရှိပါ။ ကျန်(၈)နိုင်ငံများမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ The Royal ၊ School for Magistracy ၊ အင်ဒိုးနီးရှားနိုင်ငံမှာ Judical Training Center (JTC)၊ လာအိုနိုင်ငံမှာ Judicial Research and Training Institute (JRTI)၊ မလေးရှားနိုင်ငံမှာ Judicial Academy (JTRI)၊ ဖိလစ်ပိုင်နိုင်ငံမှာ Philippine Judicial Academy (PHIJA)၊ စင်ကာပူ နိုင်ငံမှာ Singapore Judicial College (SJC)၊ ထိုင်းနိုင်ငံမှာ Judicial Training Institute (JTI)၊ ဗီယက်နမ်နိုင်ငံမှာ Judicial Academy (JA) အဆိုပါအခြေအနေများကြောင့် ကျွန်တော်တို့နိုင်ငံကိုလည်း တရားစီရင်ရေးဆိုင်ရာသင်တန်းများ စနစ်တကျ ပေးနိုင် -------------

**ဥက္ကဋ္ဌ။**　　။ အချိန်စေ့သွားပါပြီ။

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၄။**

**ဦးမျိုးတင့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး

ဦးမျိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးအပေါ် အများပြည်သူ ယုံကြည်ကိုးစားမှု ရရှိနိုင်ရေး အတွက် တရားသူကြီးများရဲ့ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်ရေးအပေါ် အလေးထား မေးမြန်းခဲ့တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ကျေးဇူးတင် ကြိုဆိုပါကြောင်း ပြောကြားအပ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေချစ် ရဲ့ မေးခွန်းကို ဦးစွာ ဖြေကြားရမယ်ဆိုရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အခြားနိုင်ငံအများစုကဲ့သို့ တရား စီရင်ရေးဆိုင်ရာ သင်တန်းများ ပို့ချနိုင်ရေးအတွက် တရားစီရင်ရေးကောလိပ် ထူထောင်ရန် စီမံ ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး Judicial College ထူထောင်ရန် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်း တင်ပြလိုပါတယ်။ ယခု ပြည်ထောင်စုတရားလွှတ်တော်ချုပ် မပေါ်ပေါက်မီ တရားရုံးချုပ်အဖြစ် တည်ရှိစဉ်က ၇-၈-၂၀၀၂ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သား လမ်း၊ အမှတ်(၅၇၁)မှာ တရားရေးသင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒုတိယ မြို့နယ် တရားသူကြီးများ လုပ်ငန်းခွင်သင်တန်းအပါအဝင် တရားသူကြီး အဆင့်ဆင့်အတွက် မွမ်းမံ သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေသည်မှာ ယနေ့တိုင်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ တရားရေးသင်တန်းကျောင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လေ့ကျင့်ရေး ဌာနအောက်မှာ ထားရှိဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးအနေဖြင့် တရားရေးသင်တန်းကျောင်းရဲ့ သင်ရိုးညွှန်းတမ်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ အသစ်ပေါ်ပေါက်လာတဲ့ ဥပဒေများ ဥပမာ Intellectual Property, Commercial စသည်တို့အတွက် သင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲခြင်း ဖွံ့ဖြိုးတိုးတက်လာတဲ့ ပညာရပ်ဆိုင်ရာ နယ်ပယ်များ ဥပမာ CMP, IT, Mediation စသည်တို့ကို တရားရေးသင်တန်းကျောင်း သင်ရိုး ညွှန်းတမ်းများမှာ ထည့်သွင်းသင်ကြားပေးခြင်း သင်တန်းလက်စွဲများ ရေးဆွဲခြင်း ပုံမှန်သင်တန်း များနဲ့ ဆရာဖြစ်သင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်မှာ တည်ရှိတဲ့ အဆိုပါ သင်တန်း ကျောင်းမှာ သင်တန်းခန်းမ အဆောက်အအုံအပါအဝင် အိပ်ဆောင်များမှာ သင်တန်းသား အနည်းငယ်အတွက်သာ ဖြစ်ခြင်း၊ အဆောက်အအုံများ ပျက်စီးလာခြင်း၊ သင်တန်းသားများအတွက် လုံလောက်တဲ့အထောက်အပံ့ပစ္စည်းများ ပြည့်စုံမှုမရှိခြင်း၊ ခေတ်နှင့်အညီ သင်ထောက်ကူပစ္စည်းများ မရှိခြင်း စသည့်အခြေအနေများ ပေါ်ပေါက်လာခဲ့ပါတယ်။ တစ်ဖက်မှာလည်း ပြည်ထောင်စုတရား

လွှတ်တော်ချုပ်ဟာ ၂၀၁၁ ခုနှစ်မှစတင်ပြီး တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများကို တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာ စီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၈–၂၀၂၂ မှာ အဓိကမဟာဗျူဟာ လုပ်ငန်းနယ်ပယ်များကို ထည့်သွင်းဆောင်ရွက်ခဲ့တဲ့အပြင် မဟာဗျူဟာနယ်ပယ်(၄)မှာ တရားစီရင်ရေး၏ ပညာရပ် ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ဆောင်ရွက်ရန်ဟု နယ်ပယ်သတ်မှတ်ကာ တရားသူကြီးများ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားလာစေရန် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မဟာဗျူဟာစီမံကိန်း(၄–၄)ပါ ရည်မှန်းချက်နဲ့အညီ Judicial College တည်ဆောက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံပြီး ဗိသုကာပုံစံများ ထုတ်လုပ်ခြင်း၊ Structure Design များ ထုတ်လုပ်ခြင်း၊ ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည့်အပြင် ဘတ်ဂျက်တောင်းခံခြင်းနှင့် တည်ဆောက်ခြင်းအတွက် ရေရှည်စီမံကိန်း တစ်ရပ် ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ မဟာဗျူဟာစီမံကိန်းအစီအမံများ အောင်မြင်ရန်အတွက် နှစ်အလိုက် လုပ်ငန်းအစီအမံ (Action Plans)များ ချမှတ်ကာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ Judicial College ရဲ့ ရေရှည်အခြေအနေများအပေါ် ချင့်ချိန်ပြီး နေပြည်တော်တွင် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ Judicial College အား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် Judicial College အဆောက်အအုံ တည်ဆောက်ရန် ၂၀၁၉–၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းမှာ ထည့်သွင်းရေးဆွဲတောင်းခံထားပြီးလည်း ဖြစ်ပါတယ်။ ခွဲဝေချထားသည့် ဘတ်ဂျက်အပေါ်မူတည်၍ Judicial College အဆောက်အအုံကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒ့ါအပြင် တရားစီရင်ရေးဆိုင်ရာသင်တန်းများအပြင် စနစ်တကျ သင်ကြားနိုင်ရေးအတွက် လိုအပ်တဲ့ Judicial College ရဲ့ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံကိုလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိမ်းဆည်းထားခဲ့သော တောင်သူ(၁၅)ဦး ပိုင်ဆိုင်သည့် မြေ(၁၁.၇၄)ဧကအား ပြန်လည်စိစစ်၍ စွန့်လွှတ်သို့မဟုတ် လျော်ကြေး/နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိမ်းဆည်းထားခဲ့သော တောင်သူ(၁၅)ဦး ပိုင်ဆိုင်သည့် မြေ(၁၁.၇၄)ဧကအား ပြန်လည်စိစစ်၍ စွန့်လွှတ် သို့မဟုတ် လျော်ကြေး/နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၀။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာသည် ရန်ကုန် - မော်လမြိုင် ကားလမ်းမပေါ်တွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်တွင် ထိုကျေးရွာရှိ ဦးလှရွှေ အပါအဝင် တောင်သူ(၁၅)ဦး ပိုင်ဆိုင်သော G3R3 မြေအမျိုးအစား (၁၁.၇၄)ဧကအား ထိုစဉ်အခါက သထုံမြို့နယ် ပြည်သူ့ ကောင်စီမှ ဆင့်ပွားသင်တန်းပေးမည်ဟုဆိုတာ ဥယျာဉ်ခြံနှင့် လူနေအိမ်များအား ဖယ်ရှားသိမ်းယူခဲ့ပါတယ်။ ထိုသို့ ဖယ်ရှားခံရာ၌ မြေအစားပြန်ပေးခြင်း၊ နစ်နာကြေးပေးခဲ့ခြင်းမျိုး မရှိသည့်အပြင် ဘူဒိုဇာနှင့် ထိုးထုတ်မည်ဟု ခြိမ်းခြောက်ကာ အဓမ္မ သိမ်းဆည်းခဲ့ခြင်းကြောင့် မိသားစုများစွာ၏ အသိုက်အမြုံများ ပျက်စီးခဲ့ရပါတယ်။

ထို့ကြောင့် ၂၀၁၄ ခုနှစ်၊ ဒီမိုကရေစီ အစိုးရလက်ထက်တွင် ဦးလှရွှေ ပါ (၁၅)ဦးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိမ်းယူထားသော မြေနီကုန်းကျေးရွာ၊ ကွင်းအမှတ်(၆၄၈)၊ မြေနီကုန်းအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၁၊၂၊၃၊၄၊၇၊၈)၊ ဧရိယာ(၁၁.၇၄)ဧကကို မူလပိုင်ရှင်များအား ပြန်လည်ပေးအပ်စေရန် မြေနီကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် မြေယာမှုခင်း စတင်ဖွင့်လှစ်ခဲ့

ပါတယ်။ ကျေးရွာကော်မတီ(၃)ရပ်မှ စစ်ဆေးသုံးသပ်တွေ့ရှိချက်များအရ သထုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇) ရရှိထားပြီးဖြစ်သော်လည်း မြေသိမ်းခံရသူ တောင်သူလယ်သမား (၁၅)ဦးမှာ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေထိုင်ခဲ့ကြသူများဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရှိရသဖြင့် ဖော်ပြပါ တောင်သူလယ်သမား (၁၅)ဦးအား ပြန်လည်ပေးအပ်စေရန် ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ သို့ပါသော်လည်း သထုံမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၊ သထုံခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်တို့မှ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီရဲ့ ဆုံးဖြတ်ချက်ကို ပယ်ချခဲ့ပါတယ်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မည်သည့်စီမံကိန်းမှ လုပ်ဆောင်ခြင်းမရှိဘဲ မူလပိုင်ရှင်များကို အခကြေးငွေဖြင့်ပြန်လည်ငှားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဦးလှရွှေ ပါ (၁၅)ဦး မြေနှင့်ကပ်လျက် ဦးသာအောင် ဆိုသူ၏ မြေရေိယာ (၇.၂၆)ကေအား ၁၉၈၂ ခုနှစ်တွင် တစ်ပြိုင်တည်း သိမ်းယူခဲ့ပြီး သမီးဖြစ်သူ ဒေါ်လှရီ အား ပြန်လည် အငှားချပေးခဲ့ပါတယ်။ ဒေါ်လှရီ မှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှတစ်ဆင့် ပြန်လည်လျှောက်ထားခဲ့ရာ (၂.၂၆)ကေကို ယာယီပုံစံ(၃)ဖြင့် ပြန်လည်စွန့်လွှတ်ပေးခဲ့ပါတယ်။ သိမ်းဆည်းခံနစ်နာခဲ့ရသူ ပြည်သူအချင်းချင်း တန်းတူအခွင့်အရေးပေးသင့်ပါလျက် တစ်နှစ်တည်း တစ်ဆက်တည်း သိမ်းယူခဲ့သော မြေယာများရဲ့ မူလပိုင်ရှင်များအား ပြန်လည်ပေးခဲ့သော်လည်း ဦးလှရွှေ ပါ (၁၅)ဦးမှာ ယနေ့ထိ သိမ်းဆည်းခံနေရဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အစိုးရမှ စွန့်လွှတ်နိုင်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ စိစစ်ရန် အချက်(၅)ချက်ကို မူဝါဒချမှတ်ပေးခဲ့ပါတယ်။ ထိုမူဝါဒ (၅)ချက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် သိမ်းဆည်းမြေယာဌာန၊ အဖွဲ့အစည်း အမည်ပေါက် အောင်သာ အဆောတလျင် လုပ်ဆောင်ခဲ့ပြီး ထိုစဉ်က တည်ဆဲဥပဒေနှင့်အညီ သိမ်းဆည်းမှုမရှိခဲ့ခြင်း၊ ယခုထက်တိုင် စီမံကိန်းများ အကောင်အထည်ဖော်မှု မရှိခြင်းတို့ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိမ်းဆည်းထားခဲ့သော တောင်သူ (၁၅)ဦးပိုင်ဆိုင်သည့် မြေကေ (၁၁.၇၄)ကေအား ပြန်လည်စိစစ်၍ စွန့်လွှတ်သို့မဟုတ် လျော်ကြေး၊ နစ်နာကြေးပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၈၁၀)၊ တပ်မြို့တောင်ကွင်း၊ အောင်ဇေယျကလပ်နှင့် မျက်နှာချင်းဆိုင်ရှိ မြေပေးစလစ်များ၊ နှစ်(၃၀)မြေငှားဂရန်များ ထုတ်ပေးထားသော မြေကွက်များနှင့်ပတ်သက်၍ မြေကွက်ပိုင်ရှင်ပြည်သူများ နစ်နာမှုမရှိစေရေးနှင့် တရားဝင် နေထိုင်ပိုင်ခွင့်ရှိအောင် မည်သို့ကူညီဖြေရှင်းပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုးက စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၈၁၀)၊ တပ်မြို့တောင်ကွင်း၊ အောင်ဇေယျကလပ်နှင့် မျက်နှာချင်းဆိုင်ရှိ မြေပေးစလစ်များ၊ နှစ်(၃၀) မြေငှားဂရန်များ ထုတ်ပေးထားသော မြေကွက်များနှင့် ပတ်သက်၍ မြေကွက်ပိုင်ရှင် ပြည်သူများ နစ်နာမှုမရှိစေရေးနှင့် တရားဝင် နေထိုင်ပိုင်ခွင့်ရှိအောင် မည်သို့ကူညီဖြေရှင်းပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၅။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် လာရောက်လေ့လာကြတဲ့ လေ့လာသူအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်ထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၈၁၀)၊ တပ်မြို့တောင်ကွင်း၊ အောင်ဇေယျကလပ်နှင့် မျက်နှာချင်းဆိုင်မှာတည်ရှိတဲ့ မြေကွက်တွေကို ၁၉၉၉ ခုနှစ်မှာ ရွှေဘိုခရိုင် ရဲတပ်ရင်း စိုက်ခင်းရန်ပုံငွေ အတွက်ဆိုပြီး ပေ(၆၀ x ၈၀) အကျယ်အဝန်းရှိတဲ့ မြေကွက်ပေါင်း (၇၆)ကွက် ရိုက်နှိပ်ပြီး မြေကွက် (၁)ကွက်ကို ငွေကျပ် ၂၀၀၀၀ ပေးသွင်းကာ ဒုရဲမှူးဦးစိုးမြင့် လက်မှတ်ရေးထိုးထားတဲ့ မြေကွက် တန်ဖိုးငွေရရှိကြောင်း မြေပေးစလစ်တွေ ထုတ်ပေးခဲ့ပါတယ်။ အဆိုပါ မြေကွက်(၇၆)ကွက်ထဲက မြေကွက်(၂၅)ကွက်ကို ဂရန်လျှောက်ထားရန်အတွက်ဆိုပြီးတော့ ၂၀၁၁ ခုနှစ်မှာ တာဝန်ရှိသူ အဆင့်ဆင့် လက်မှတ်ရေးထိုးထားတဲ့ မြေစာရင်းပုံစံ (၁၀၅)(၁၀၆)ကိုလည်း ရေးကူးခွင့်ပေးခဲ့ ပါတယ်။ နောက်တော့ ခရိုင်ကော်လိတ်တော်အရာရှိ ဦးလှဦး လက်မှတ်ရေးထိုးထားတဲ့ ၁၁-၃-၂၀၁၁ ရက်နေ့မှ ၁၀-၃-၂၀၄၁ ရက်နေ့အထိ နှစ်(၃၀) မြေငှားဂရန်တွေ ထုတ်ပေးထားခဲ့ပါတယ်။ ဒီလို အဆင့်ဆင့် တာဝန်ရှိသူတွေ လက်မှတ်ရေးထိုးထားတဲ့ စလစ်တွေ၊ မြေစာရင်းပုံစံတွေ လယ်ယာ


မြေကို အခြေပြုပြီးနောက် ဒီမြေကွက်တွေကို အဆင့်ဆင့် ရောင်းဝယ်ဖောက်ကားမှုတွေ ပြုခဲ့ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၆-၆-၂၀၁၈ ရက်နေ့မှာတော့ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဒီဂရန်တွေဟာ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ဂရန်ထုတ်ပေးမှု မှတ်ပုံတင်စာရင်းမှာ ရေးသွင်းထားခြင်းမရှိဘူး။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာနရဲ့ မြို့မြေစာရင်း ၁(က)မှာလည်း မှတ်တမ်းတင်ထားခြင်း မရှိတဲ့အတွက် ဒီဂရန်တွေဟာ တရား မဝင်ပါဘူး။ ဒါ့ကြောင့် ဒီမြေပေါ်မှာ အဆောက်အအုံ ဆောက်လုပ်ခွင့်၊ ဝင်းခတ်ခွင့်၊ နေထိုင်ခွင့် တားမြစ်လာပါတယ်။ ဒါ့အပြင် လက်ရှိဂရန်ပိုင်ဆိုင်သူတွေက ဒီညွှန်ကြားချက်နှင့် ပတ်သက်လို့ မကျေနပ်ရင် ဒီဂရန် စာရွက်စာတမ်း အတုပြုလုပ် လိမ်လည်သူတွေကို တရားစွဲ ဖို့လိုအပ်ကြောင်း ဆိုပြီးတော့ အသိပေးလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဒါကတော့ ဒုရဲမှူးဦးစိုးမြင့် လက်မှတ် ရေးထိုးထားတဲ့ မြေပေးစလစ်ပါ။ ဒါကတော့ သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့် လက်မှတ်ရေးထိုး ထားတဲ့ မြေစာရင်းပုံစံ(၁၀၅)။ ဒါကတော့ (၁၀၆)ပါ။ ဒါကတော့ ကော်လိတ္တော်အရာရှိ လက်မှတ် ရေးထိုးထားတဲ့ ဂရန်စာရွက်ပါ။ ဒါကတော့ အဆင့်ဆင့် လွှဲပြောင်းရောင်းချထားတဲ့ စာချုပ် စာတမ်းပါ။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် Slide မှာ တင်ပြခဲ့တဲ့ စာရွက်စာတမ်းတွေဟာ ဌာနဆိုင်ရာ အသီးသီးက တာဝန်ရှိတဲ့လူတွေ လက်မှတ်ရေးထိုးထားတဲ့ အမှန်အကန်စာရွက်တွေ၊ ဘယ်ပြည်သူ တစ်ဦးကမှ မိမိတို့ရဲ့သဘောဆန္ဒနဲ့ အတုအပပြုလုပ်ထားတဲ့ စာရွက်စာတမ်းတွေ မဟုတ်ပါဘူး။ ဒါ့ကြောင့် ကျွန်တော့် မဲဆန္ဒရှင်တွေရဲ့ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ပြီး မိမိတို့ ချွေးနဲ့စာနှင့် မြေကွက်ကလေးတွေ ပိုင်ဆိုင်လိုတဲ့ဆန္ဒနဲ့ ဝယ်ထားတဲ့ မြေကွက်တွေကို ကျွန်တော် မဆုံးရှုံး စေချင်ပါဘူး။ အလားတူပဲ ဝန်ကြီးဌာနအနေနဲ့ မိမိတို့ရဲ့ ဝန်ထမ်းတစ်ဦး တာဝန်ဝတ္တရား ပျက်ကွက်မှု တာဝန်နှင့်အညီ ဆောင်ရွက်မှုမရှိတဲ့အတွက် အများပြည်သူလူထုရဲ့ အကျိုးစီးပွားနစ်နာမှုကို တစ်စုံတရာ ကုစားပြီးတော့ ကူညီဖြေရှင်း ဆောင်ရွက်ပေးလိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မြေစာရင်းပုံစံ-၁၀၅ ပြပုံ (မ)



မြေစာရင်းပုံစံ-၁၀၅

10916

မှန်ကြောင်း သက်သေခံ သော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံလက်ခံရေးကူးရန်ပုံစံ

မြောက် / တောင်

ခရိုင် ရွှေဘို

မြို့နယ် ရွှေဘို

ရပ်ကွက်ကျေးရွာအုပ်စု -

ကွင်း/အကွက်အမှတ်နှင့်အမည် -

ဦးပိုင်အမှတ် - ၅၀ .

| ဦးပိုင်အမှတ် | အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည် ဂရန်ရှင်/အငှားဂရန်ရှင် | ပိုင်ဆိုင်ခွင့် | မြေမျိုးအတန်း | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| ၅၀. | - | | - | | |

ရေးကူးပေးသည့်အကြောင်းအရာ -

(ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်)

လျှောက်ထားသူအမည် -

လျှောက်လွှာတင်သည့်နေ့စွဲ -

လျှောက်သူသို့ လက်ခံပေးအပ်သည့်နေ့စွဲ -

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာရေးကူးသော ၂၀၁၃ ခုနှစ် အတွက် နောက်ဆက်တွဲ တိုင်းတာခြင်းမြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ် -


နေ့စွဲ

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် -

နေ့စွဲ

မြေစာရင်းပုံစံ-၁၀၆ ပြပုံ (မ-၁)



မြေစာရင်းပုံစံ - ၁၀၆

ဦးပိုင်တစ်ခုချင်း ရာဇဝင်

ခရိုင် ရွှေဘို မြို့နယ် ရွှေဘို မြေတိုင်းစာရေးအုပ်စု ကွင်း/အကွက်အမှတ်နှင့် အမည်

| ခုနှစ် | ဦးပိုင် | အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည်/ဂရန်ရှင်/ အငှားဂရန်ရှင် | ပိုင်ဆိုင်ခွင့် | မြေမျိုးနှင့် အတန်း | ဧရိယာ (ဧက) | အခွန်တော်သင့်ငွေ (မိုင်ကြေးအပါအဝင်) (ကျပ်) | မည်ကဲ့သို့ ပြောင်းလဲသည် ညွှန်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | ၅၀ | - | | — | | | | |

လျှောက်ထားသူအမည် -

လျှောက်လွှာတင်သည့်နေ့စွဲ -

လျှောက်သူသို့ လက်ခံပေးအပ်သည့် နေ့စွဲ -


ရေးကူးပေးသည့် အကြောင်းအရာ -

(ဖော်ပြပါ အကြောင်းအရာအတွက်သာ အသုံးပြုခွင့် ပြုသည်)

အထက်ပါရေးကူးဖော်ပြသော အကြောင်းအရာတို့မှာ ၂၀၁၃ ခုနှစ်အတွက် နောက်ဆက်တွဲ တိုင်းတာခြင်း မြေပုံနှင့် မှတ်ပုံတင်စာရင်းများ တွင် ပါရှိသည့်အတိုင်း အမှန်လက်ခံရေးကူးကြောင်း သက်သေခံပါသည်။

အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ်

ကော်လိတ္တော်အရာရှိ လက်မှတ် ရေးထိုးထားတဲ့ ဂရန်စာရွက် ပြပုံ (မ-၂)



LAND REVENUE II.
Lease 2(a)

*Entered in the land Register 3 (Volume　　)page*
*Revenue Proceedings No.* ______ *District office*

**FORM OF LEASE OF TOWN LANDS WITH POWER OF RENEWAL IN PERPETUITY**

*[ Rule 51 A of the Rules under the U.B Land and Revenue Regulation, 1889]*
*[ Rule 29 of the Rules under the L.B Town and Village Lands Act, 1898 ]*

THIS LEASE made the ______ day of ______ one thousand nine hundred and ______ BETWEEN THE PRESIDENT OF THE SOCIALIST REPUBLIC OF THE UNION (here in after called " the Lessor" which expression shall be taken to mean and include the said President of the Socialist Republic of the Union and his successors in office and assigns except when the context requires another and different meaning) of the one part: AND ______ of ______ son of ______ (here in after called "the Lessee" which expression shall be taken to mean and include the said ______ his heirs executors administrators representatives and assigns except when the context requires anothr and different meaning) of the other part: WITNESSETH that in consideration of the rent here in after reserved and of the covenants by the Lessee here in aftere contained the Lessor DOTH here by lease unto the Lessee all that piece of land described in the schedule here to together with all rights easements and appurtenances to the same belonging save and except all mines and mineral products buried treasure coal petroleum oil and quarrmes what so ever in under or within the said land with liberty for the Lessor and his Lessees licensees agents and work men and all other persons acting on his behalf to dig search for obtain and carry away the same on making reasonalbe compensation to the Lessee on account of any disturbance or damage that may be caused there by to the surface of the said land and that such compensation shall in case of dispute be determined by the Deputy Commissioner of ______ as nearly as may be in accordance with the provisions of the Land Acquisition Acts or Regulations for the time being in force to hold the said land unto the Lessee for the term of thirty years from the date of this lease with the option for the Lessee to renew this lease in perpetuity for successive terms of ten years as here in after provied YIELDING and PAYING therefore the clear yearly rent for Kyat ______ payable in advance on the third day of January of each year and the Lessee doth hereby to the intent that the burden of the covenats may run with the said land and may bind the owners there of for the time being covenant with the Lessor.

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာ ရပ်ကွက်ကြီးရှိ အလင်းရောင်(၂)ရပ်ကွက်တွင် အများပြည်သူသုံးရန်ထားသောမြေကို ပုဂ္ဂလိကသို့ မမှန်မကန်ဖော်ပြ မြေပေးမိန့်ထုတ်ပေးခဲ့သည့်ကိစ္စအား တိုင်ကြားခဲ့သည့်အပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်ခဲ့သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။**　။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာ ရပ်ကွက်ကြီးရှိ အလင်းရောင်(၂) ရပ်ကွက်တွင် အများပြည်သူသုံးရန် ထားသောမြေကို ပုဂ္ဂလိကသို့ မမှန်မကန်ဖော်ပြ မြေပေးမိန့်ထုတ်ပေးခဲ့သည့် ကိစ္စအား တိုင်ကြားခဲ့သည့်အပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်ခဲ့သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၉။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာ ရပ်ကွက်ကြီးရှိ အလင်းရောင်(၂) ရပ်ကွက်တွင် အများပြည်သူသုံးရန် ထားရှိတဲ့မြေကို ရပ်ကွက်နေပြည်သူများ ကန့်ကွက်တဲ့ကြားက အထောက်အထားမရှိ လျှောက်ထားတဲ့ပုဂ္ဂလိကကို မမှန်မကန်ဖော်ပြပြီး မြေပေးမိန့်ထုတ်ပေးခဲ့တဲ့ကိစ္စအား တိုင်ကြားခဲ့တဲ့အပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့ အရေးယူဆောင်ရွက်ခဲ့သည်ကို သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းပါကိစ္စကို တိုင်ကြားလာတာကြောင့် အများပြည်သူဆိုင်ရာကိစ္စဖြစ်လို့ ကွင်းဆင်းစစ်ဆေးဖို့ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုနဲ့ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို အဲဒီတုန်းက အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဦးဆောင်ကာ ကွင်းဆင်းပြီး တိုင်ကြားသူများ တိုင်ကြားခံရသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို မေးမြန်းစိစစ်ကြားနာ မှတ်တမ်းပြုခြင်း၊ ၎င်းတို့ထံမှ စာရွက်စာတမ်းအထောက်အထားများကို သက်သေခံအဖြစ် တင်ပြစေခြင်း၊ အခင်းဖြစ်မြေပြင်သို့ ကွင်းဆင်းကြည့်ရှုမှတ်တမ်းတင်ခြင်းများကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဆောင်ရွက်ခဲ့ပြီး ၅-၃-၂၀၁၈ ရက်နေ့မှာ စာမျက်နှာ (၁၄)မျက်နှာပါ အစီရင်ခံစာကို ဓာတ်ပုံမှတ်တမ်းများ သက်သေခံစာရွက်စာတမ်း (၂၃)စုံပူးတွဲလျက် လွှတ်တော်ဥက္ကဋ္ဌကြီးထံ အကြံပြုချက်များနှင့်အတူ အစီရင်ခံတင်ပြခဲ့ပါတယ်။

ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်ရုံးမှ ၂၃-၃-၂၀၁၈ ရက်စွဲပါ စာအမှတ် ၁/အမ(ကော်မတီ-၁၁)၂၀၁၈-၂၉၃ နဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရထံကို ကော်မတီ၏ အကြံပြုချက်အတိုင်း ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်မှုကို ပြန်လည်အကြောင်းကြားပါရန်ဆိုတဲ့ အဆိုပြုချက်များပေးပို့ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ တတိယပတ်အထိ ပြန်ကြားမှု လုံးဝမရှိသေးတာကြောင့် ယခုမေးခွန်းကို ၁၉-၁၂-၂၀၁၈ ရက်နေ့မှာ ပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ အခန်း(၁၂) နည်းဥပဒေ ၁၀၆ အရ ဖွဲ့စည်းထားတဲ့ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို အခြားကော်မတီများက လွှတ်တော်ကြီးကို ကိုယ်စားပြုဆောင်ရွက်ရပြီး လွှတ်တော်ကြီးကို တာဝန်ခံရတာကြောင့် ကော်မတီများရဲ့ ဆောင်ရွက်ချက်များဟာ လွှတ်တော်ကြီးရဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဒါကြောင့် အများပြည်သူဆိုင်ရာကိစ္စတွေမှာ မိမိရဲ့တာဝန်တစ်ရပ်ဖြစ်တဲ့ ထိန်းညှိခြင်းဆိုတဲ့ တာဝန်ကို ဆောင်ရွက်နေတဲ့ လွှတ်တော်ကို အများပြည်သူများရဲ့ လေးစားအားထားမှုရရှိစေဖို့ အစိုးရအဖွဲ့များဟာ စေ့နိုင်သမျှဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ လိုအပ်တယ်လို့ ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မြေပေးမိန့်ကိစ္စမှာ (၁) အများအတွက်ထားရှိတဲ့မြေဖြစ်ကြောင်းနဲ့ ပုဂ္ဂလိကကို မပေးအပ်ရန် ရပ်ကွက်နေပြည်သူ(၅၃၃)ဦးက အကြိမ်ကြိမ်ကန့်ကွက်ခဲ့ကြောင်း (၂) မြေပေးမိန့်လျှောက်ထားရာမှာ သေဆုံးသူတစ်ဦးထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူခဲ့သည်ဟု ဖော်ပြထားသော်လည်းပဲ မြေပေးမိန့်ရရှိထားသူမှဖြစ်စေ မြေပေးမိန့်ပေးသည့်ရုံးမှဖြစ်စေ ထိုစာချုပ်ကို တင်ပြနိုင်မှုမရှိခဲ့ပါဘူး။ ကွယ်လွန်သူ သေဆုံးပြီး (၇)နှစ်ကြာမှ သေဆုံးသူအမည်နဲ့ အရောင်းအဝယ်စာချုပ်ပြုလုပ်ကြောင်း သက်သေထင်ရှား ပေါ်ပေါက်တာတွေအပြင် (၃) ကျူးလွန်သူကို ဖယ်ရှားအရေးယူရန် ခရိုင်ကော်လိတ္တော်အရာရှိရဲ့ ၅-၇-၂၀၁၂ ရက်စွဲပါညွှန်ကြားချက်ကို ဆန့်ကျင်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးအား ၂၄-၁၀-၂၀၁၄ ရက်နေ့စွဲပါ မြေပေးမိန့်ကို ပေးခဲ့တဲ့အကြောင်း အထောက်အထားများအရ ပေါ်လွင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမြေပေးမိန့်ကို ပယ်ဖျက်ပေးဖို့နဲ့ နိုင်ငံတော်သို့ ငွေပေးထားပြီးဖြစ်တဲ့အတွက် မနစ်နာစေဖို့ ဥသာမြို့သစ်မှာ မြေကွက်တစ်ခု ချပေးသင့်ကြောင်း ကော်မတီကနေပြီး အကြံပြုချက်များ ပြုခဲ့ပါတယ်။ ၁၉-၁၂-၂၀၁၈ ရက်နေ့အထိ ပြန်ကြားချက် လုံးဝမရှိတဲ့အတွက် အခုမေးခွန်းကို မေးခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀-၁၂-၂၀၁၉ ရက်နေ့စွဲနဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီး အခင်းဖြစ် မြေပေးမိန့်ကို ပယ်ဖျက်ပြီးတော့ ပဲခူးမြို့နယ် မြို့ဦးကင်းတွင်အဆိုပါ ပုဂ္ဂိုလ်အား မြေကွက်တစ်ကွက်ပေးရန် စီစဉ်နေကြောင်း ပြန်ကြားချက်ကို ၂၂-၂-၂၀၁၉ ရက်နေ့မှာ ရရှိပြီးဖြစ်သော်လည်း ဒီကနေ့ထိ ပကတိမြေပြင်မှာ အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိသေးကြောင်း တိုင်ကြားသူများက တင်ပြလာတဲ့အတွက် ယခု မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၃။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၄။**

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)။**　　။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့် ဖြစ်ပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၏ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ ကွင်းအမှတ်(၆၄၈-ခ)၊ မြေနီကုန်းအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၁)ရှိ ဥယျာဉ်ခြံမြေဧရိယာ(၃.၁၀)ဧက၊ ဦးပိုင်အမှတ်(၂)ရှိ ဥယျာဉ်ခြံမြေဧရိယာ(၀.၄၇)ဧက၊ ဦးပိုင်အမှတ်(၃)ရှိ ဥယျာဉ်ခြံမြေဧရိယာ(၀.၂၇)ဧက၊ ဦးပိုင်အမှတ်(၄)ရှိ ဥယျာဉ်ခြံမြေဧရိယာ(၀.၆၀)ဧက၊ ဦးပိုင်အမှတ်(၇)ရှိ ဥယျာဉ်ခြံမြေဧရိယာ(၃.၃၄)ဧက၊ ဦးပိုင်အမှတ်(၈)ရှိ ဥယျာဉ်ခြံမြေဧရိယာ(၃.၉၆)ဧက၊ စုစုပေါင်း ဥယျာဉ်ခြံမြေဧရိယာ(၁၁.၇၄) ဧကဟာ သထုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၂-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၃၀၅/လယဖ /၂၀၁၃-၂၀၁၄ ၏ ခွင့်ပြုချက်အရ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမည်ပေါက်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇) ရရှိထားတဲ့ မြေဖြစ်ကြောင်း၊ သိမ်းဆည်းမြေမဟုတ်ကြောင်း တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါမြေဟာ ယခင်က နယ်မြေလုံခြုံမှုမရှိခြင်း၊ ကပ်ရောဂါကျရောက်ခဲ့ခြင်းကြောင့် ပြည်သူများ နေထိုင်မှုမရှိဘဲ စွန့်ခွာခဲ့ကာ နှစ်ကာလကြာ မြေလပ်ဖြစ်ခဲ့ပါတယ်။ မြို့နယ်ပြည်သူ့ကောင်စီ လက်ထက်မှာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ၎င်းမြေနေရာနှင့် လက်ရှိ စီးပွားရေးသိပ္ပံကျောင်း ဖွင့်လှစ်ထားတဲ့ မြေနေရာအား ဆင့်ပွားသင်တန်းကျောင်း ဖွင့်လှစ်ပြီး ဆင့်ပွားသင်တန်း(၂)ကြိမ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ နောက်ပိုင်းမှာတော့ နယ်မြေလုံခြုံမှုမရှိသဖြင့် သင်တန်းကျောင်းများ ပိတ်သိမ်း၍ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်မှ လုံခြုံရေးအရ ဝင်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၈၂ ခုနှစ်တွင် မြို့နယ်ပြည်သူ့ကောင်စီမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ နှစ်ရှည်ပင်များ၊ ရာသီပင်များနှင့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးရန်အတွက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ မူလတောင်သူ(၁၅)ဦးမှ ပြန်လည်တောင်းခံလာမှုအပေါ်မှာ သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ အဆင့်ဆင့် စိစစ်ဆောင်ရွက်ချက်အရ တောင်းခံလာသူများကို ပိုင်ဆိုင်မှု အထောက်အထားများ မရှိတဲ့အတွက်ကြောင့် ပလပ်ခဲ့ပြီးတော့ မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၉-၂-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ်(၄၃)အရ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို လယ်ယာမြေ ဆက်လက် လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း ပြည်နယ်ရဲ့ တင်ပြချက်အရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ ကွင်းအမှတ်(၆၄၈-ခ)၊ မြေနီကုန်းအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၇ နှင့် ၈)တို့ရှိ ဥယျာဉ်ခြံမြေဧရိယာ(၁၁.၇၄)ဧကအား စိစစ်ပြီး စွန့်လွှတ်ပေးရန် သို့မဟုတ် လျော်ကြေး၊ နစ်နာကြေး ပေးနိုင်ပါရန် ကိစ္စနှင့်ပတ်သက်ပြီး ၎င်းမြေကို တိုက်ရိုက်သိမ်းဆည်းခဲ့ခြင်းမဟုတ်ဘဲ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်ထံမှ မြို့နယ်ပြည်သူ့ကောင်စီ၊ ထိုမှတစ်ဆင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့် လွှဲပြောင်းရယူခဲ့တယ်လို့ တင်ပြထားပါတယ်။ ဌာနအမည်ပေါက် ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ရရှိထားပြီးတော့ လက်ရှိမှာလည်း (၁၂)နှစ်သား ရာဘာပင်(၃၂၀)ခန့် စိုက်ပျိုးထားရှိပြီး ဖြစ်တဲ့အတွက်ကြောင့် လတ်တလောတွင် ပြန်လည် စွန့်လွှတ်ပေးရန် သို့မဟုတ် လျော်ကြေး/နစ်နာကြေးပေးရန် အစီအစဉ်မရှိပါကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့မှ တင်ပြထား ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွား သလို ဒီဟာ ကျွန်တော်တို့ သိမ်းဆည်းခဲ့ပါတယ်ဆိုတဲ့ အထောက်အထားများရှိခဲ့ရင် မူလ တောင်သူများအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုများအပေါ် ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ သို့မဟုတ်ရင်လည်း သက်ဆိုင်ရာအဆင့်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုများအပေါ် ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ အဆင့်ဆင့်ကို တင်ပြဖို့ လိုအပ်ပါတယ်။ ယခု သူတို့တင်ပြတာတော့ သက်ဆိုင်ရာ မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ စီမံခန့်ခွဲမှုအပေါ်မှာ သက်ဆိုင်ရာ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို လယ်ယာမြေ ဆက်လက်လုပ်ကိုင် ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလိုများ သူတို့မှာ ပိုင်ဆိုင်မှု အထောက်အထားတွေ ရှိမယ်။ မူလတောင်သူများ နစ်နာပါတယ်ဆိုရင် ခုနက ရှင်းလင်း တင်ပြပါအတိုင်း မြေစစ်ဗဟိုကော်မတီကို တင်ပြလို့ရပါတယ်ခင်ဗျား။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုများအပေါ် ပြန်လည်စိစစ်ရေးဗဟို ကော်မတီက ချမှတ်ထားတဲ့ မူဝါဒလုပ်ငန်းစဉ် (၅၂)ချက်ရှိပါတယ်။ (၁)ကတော့ နိုင်ငံတော်က သိမ်းဆည်းသည့် လယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်းပြီး မူဝါဒ(၁၀)ရပ်၊ တပ်မြေသိမ်းဆည်းမှုများနှင့် စပ်လျဉ်းသည့်မူဝါဒ (၃)ရပ်၊ သိမ်းဆည်းမြေများကို ပြန်လည်ပေးရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်းပြီး စိစစ်ရန် အချက် (၄)ချက်၊ စွန့်လွှတ်နိုင်ခြင်းမရှိတဲ့ သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန် အချက်(၅)ချက် သိမ်းဆည်းထားတဲ့ဌာနမှ စွန့်လွှတ်ထားတဲ့ သိမ်းဆည်းမြေများ စိစစ်ရန် အချက်(၆)ချက်၊ စွန့်လွှတ်သည့် မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ်(၉)ရပ်နှင့် နေပြည်တော်တိုင်း ဒေသကြီး၊ ပြည်နယ်ကော်မတီများမှ အလေးထားဆောင်ရွက်ရန် အချက်(၁၅)ချက်၊ စုစုပေါင်း

(၅၂)ချက်နှင့်အညီ ပြန်လည်ပြီးတော့ စိစစ်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြလို ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဆက်လက်ပြီး အမှတ်စဉ် ၅(ဂ) စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော်ကပဲ ဆက်လက် ဖြေကြားခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ၎င်းမြေနေရာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၈၁၀)၊ တပ်မြို့တောင်ကွင်း၊ အောင်ဇေယျ ဂေါက်ကလပ်နှင့် မျက်နှာချင်းဆိုင်မှာတည်ရှိပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ စာရင်းနှင့် မြေပုံမှတ်တမ်းများအရ ကျန်အခြားမြေ (မြေအမျိုးအစားခွဲခြားမရတဲ့မြေ) ဖြစ်ပြီးတော့ မြေဧရိယာ အကျယ်အဝန်းဟာ (၃၀.၈၉)ကေရှိကြောင်း သိရှိရပါတယ်။

၎င်းမြေနေရာနှင့်စပ်လျဉ်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ရွှေဘိုမြို့နယ်သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လှည့်လည်ကြည့်ရှုစစ်ဆေးတဲ့ ဒီခရီးစဉ်မှာ ရွှေဘိုမြို့ ဂေါက်ကွင်းအနီးတွင် ကျူးကျော်မြေနေရာ ရယူထားသူများအနေဖြင့် ၎င်းတို့ ရယူထားသည့် မြေနေရာများအတွက် မြေပိုင်ဆိုင်မှုအထောက်အထား လာရောက်တင်ပြစေရန် ဝန်ကြီးချုပ်ကြီးက ရွှေဘိုခရိုင်၊ အုပ်ချုပ်ရေးမှူးနှင့် ရွှေဘိုခရိုင်၊ ရဲတပ်ဖွဲ့မှူးကို ညွှန်ကြားခဲ့ပါတယ်။

၎င်းညွှန်ကြားချက်အရ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကျော် မှ အဖွဲ့ ခေါင်းဆောင်အဖြစ်ပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး စိစစ်ဆောင်ရွက်ခဲ့ရာမှာ မြေကွက်ပိုင်ရှင်လို့ဆိုသူ ကာယကံရှင်များမှ ပိုင်ဆိုင်မှုအထောက်အထားများအနေဖြင့် ငွေသွင်း ချလန်ဖြတ်ပိုင်း တင်ပြလာသူ(၃၈)ဦး ရှိပါတယ်။ နောက် နှစ်ရှည်မြေငှားဂရန် တင်ပြသူ (၂၄)ဦး ရှိကြောင်း စစ်ဆေးတွေ့ရှိကြောင်း သိရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငွေသွင်းချလန်ဖြတ်ပိုင်းများ တင်ပြလာသူ(၃၈)ဦးနဲ့ ပတ်သက်ပြီး အစိုးရစီမံခန့်ခွဲ ချထားပေးနိုင်ခွင့်ရှိတဲ့ (Land of the Disposal of Government) ကို အသုံးပြုနိုင်သည့် အခွင့်အရေး (Right of Land) မှာ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ ပုဒ်မ ၄(၇)၊ ပုဒ်မ ၇ (က)၊ ပုဒ်မ ၁၆ (က)၊ (ခ) တို့အရ Grant, Lease နဲ့ License (၃)မျိုး ရှိပါတယ်။ မြို့ကွက်တည်ဆောက်ချထားခြင်းများမှာ မြေကွက်များရိုက်ပြီးမှသာ မြို့ကွက်သစ် ဖော်ထုတ်ရေးကော်မတီမှ မြေပေးမိန့် သို့မဟုတ် မြေချပါမစ်များ ချထားပေးရကြောင်း သိရှိရ ပါတယ်။ အခုတင်ပြလာတဲ့ မြေကွက်များနှင့် စပ်လျဉ်းပြီး ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာနနဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ရဲ့ စာရင်းမှတ်တမ်းများ အရ မြို့မြေကွက်ချထားရေးနဲ့ပတ်သက်တဲ့ ကော်မတီဖွဲ့စည်းမှု၊ ကော်မတီအစည်းအဝေးမှတ်တမ်းနှင့် အကွက်ချ မြေပုံမှတ်တမ်းများ ထုတ်ပြန်ဆောင်ရွက်ခြင်း မရှိကြောင်းနဲ့ သက်ဆိုင်ရာ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ကိုလည်း တင်ပြထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

မြေကွက်ချထားရန်အတွက် ငွေသွင်းချလန်၊ ဖြတ်ပိုင်းများမှာ ဒုတိယရဲမှူးစိုးမြင့် လက်မှတ် ရေးထိုး ထုတ်ပေးထားတာနဲ့ပတ်သက်ပြီး ဒုတိယရဲမှူးစိုးမြင့် ကို ကျွန်တော်တို့ မြေကွက်ချထား ပေးရန်အတွက် လက်မှတ်ထိုးထုတ်ထားတဲ့၊ တာဝန်ပေးအပ်ထားတဲ့အမိန့် မရှိပါဘူး။ ဒါ ဒုတိယ ရဲမှူးဖြစ်ပြီးတော့ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဝင်လည်း မဟုတ်ပါဘူးခင်ဗျား။ တာဝန်ပေးအပ်ထားတဲ့ အမိန့်စာလည်း မတွေ့ရှိရပါဘူး။ ငွေသွင်းချလန်ဖြတ်ပိုင်းနဲ့ တင်ပြလာသူ(၃၈)ဦးအနေနဲ့ မြေပေးမိန့် ချထားပေးခြင်းခံရကြောင်း တင်ပြနိုင်မှုမရှိတာကို စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်ရှည်မြေငှားဂရန် တင်ပြလာသူ(၂၄)ဦးရဲ့ မြေငှားဂရန်(၂၅)ခုနဲ့ ပတ်သက်ပြီး ၎င်းတို့တင်ပြလာတဲ့ မြေငှားစာချုပ်များမှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ဂရန်လျှောက်ထားမှတ်ပုံတင်စာရင်း၊ ဂရန်ထုတ်ပေး မှတ်ပုံတင်စာရင်း လက်ခံအမှုတွဲများနဲ့ တိုက်ဆိုင်စိစစ်တဲ့အခါမှာတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ် ထုတ်ပေးထားခြင်း မဟုတ်တာကို စိစစ်တွေ့ရှိရပါတယ်။ ထို့အပြင် အထက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေ ၆၂ အရ မြို့မြေဂရန် လျှောက်ထားရမည်ဖြစ်ပြီးတော့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့မြေဂရန် အမှုတွဲများ ဖွင့်လှစ်ခြင်းကို အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၁၄ နဲ့ နယ်ပိုင်၊ မြို့ပိုင်ရုံးလက်စွဲ ဥပဒေတို့အရ အမှုတွဲဖွင့်လှစ် မှတ်ပုံတင်စာရင်း ရေးသွင်းဆောင်ရွက်ပြီးတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ပူးပေါင်းစိစစ် ပြန်ကြားရပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှောက်ထားမြေနှင့် စပ်လျဉ်းပြီး လက်ထောက်ကော်လိတ္တော်အရာရှိက အထက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေ ၅၁(င) နဲ့ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၁၄ တို့အရ လျှောက်ထားမြေနေရာမှာ အလျား(၄)ရပ် မှန်/မမှန်၊ တည်ရှိရာနေရာဒေသ မှန်/မမှန်၊ ကျန်းမာရေးရှုထောင့်၊ မီးဘေးရှုထောင့်၊ လုံခြုံရေးရှုထောင့်တို့အရ သက်ဆိုင်ရာ မြေတိုင်း စာရေးနဲ့အတူ ကိုယ်တိုင်သွားရောက် စစ်ဆေးခဲ့ခြင်းလည်း မရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် မြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးထားတဲ့ မြေငှားဂရန်များ မဟုတ်ကြောင်းကို ဒါ စုံစမ်းစစ်ဆေးရေးအဖွဲ့က စိစစ်တွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နှစ်ရှည်မြေငှားဂရန် တင်ပြလာသူ(၂၄)ဦးရဲ့ မြေငှားဂရန် (၂၅)ခုမှာ မူလထုတ်ပေးစဉ်က အငှားချထားခြင်းခံရသူနှင့်

အငှားချထားသူတို့မှ မြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထား ချထားပေးခဲ့ခြင်း မဟုတ်တဲ့အတွက် အဆိုပါ မြေငှားဂရန်စာချုပ်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အမြန်ဆုံးလာရောက်အပ်နှံရေး နိုင်ငံပိုင်သတင်းစာမှာ ထည့်သွင်းကြေညာပြီး ဂရန် ပယ်ဖျက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အချိန်မီ လာရောက်မအပ်နိုင်ရင် ထိုတရားမဝင် မြေငှားစာချုပ်များကို အထောက်အထားပြုပြီးတော့ မြေနှင့် မြေရှင်ဆိုင်ရာ အခွင့်အရေးမှ တောင်းဆိုခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်မယ်ဆိုပြီး တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါမြေငှားဂရန်(၂၅)ခုကို ချထားပေးတဲ့ တာဝန်ရှိသူ အဆင့်ဆင့်ကို စုံစမ်းစစ်ဆေး အရေးယူရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ၈-၃-၂၀၁၉ ရက်စွဲပါစာဖြင့် ညွှန်ကြားရေးမှူး ဦးကျော်ဝင်း မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်(၂)ဦး ပါဝင်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါတယ်။ အဆိုပါ စုံစမ်းစစ်ဆေးရေး အဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်အရ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၈၁၀)၊ တပ်မြေ တောင်ကွင်း၊ အောင်ဇေယျ ဂေါက်ကလပ်နှင့် မျက်နှာချင်းဆိုင်ရှိ မြေကွက်များကို ယခင်က တိုးချဲ့ ကွက်သစ်အဖြစ် ဖော်ထုတ်ခဲ့သည်ဆိုသော်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မရှိတဲ့အတွက် ပါဝင်ပတ်သက်သူ (၃)ဦးဖြစ်တဲ့ ဦးလှဦး ယခင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ရွှေဘိုခရိုင် ဖြစ်ပါတယ်။ ယခုတော့ ကချင်ပြည်နယ်လွှတ်တော်ကို ပြောင်းသွားပြီးတော့မှ ကချင်ပြည်နယ် လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ နောက် ဦးခင်မောင်ဝင်း လက်ထောက်ဦးစီးမှူး(ငြိမ်း) ရွှေဘိုမြို့နယ်၊ မြေစာရင်းဦးစီးဌာနနှင့် နောက် ဦးခင်မောင်လေး အမှတ်(၁၀)ရပ်ကွက်၊ ရွှေဘိုမြို့နေသူ ဖြစ်ပါတယ်။ သူကတော့ ပွဲစားဖြစ်ပါတယ်။ အဲဒီ(၃)ဦးနဲ့ပဲ စိစစ်ဆောင်ရွက်ခဲ့တယ်ဆိုပြီး ဒီ(၃)ဦးကပဲ မြေဂရန်တွေကို တရားမဝင် ထုတ်ပေးခဲ့တယ်ဆိုပြီး စုံစမ်းစစ်ဆေးရေးခုံအဖွဲ့က စိစစ်တင်ပြထားပါတယ်။

ဒါကြောင့် တင်ပြပါဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေအရလည်းကောင်း၊ တည်ဆဲ ဥပဒေအရလည်းကောင်း အရေးယူဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ရုံးနှင့် စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျွန်တော်တို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနကို တင်ပြလို့ ကျွန်တော်တို့ကပဲ သက်ဆိုင်ရာ ဝန်ထမ်းများကိုတော့ နိုင်ငံ့ဝန်ထမ်းဥပဒေအရလည်းကောင်း လွှတ်တော်မှာ ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်နေတဲ့ ဦးလှဦး ကိုတော့ ပြည်ထောင်စုလွှတ်တော်ရုံးကို ကျွန်တော်တို့ အကြောင်း ကြားထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေကွက်ပိုင်ရှင်ပြည်သူများ နစ်နာမှုမရှိစေရေးကိစ္စနှင့် ပတ်သက်ပြီး ငွေသွင်းချလန်အား စိစစ်ရာမှာ ဒုတိယရဲမှူးစိုးမြင့် ရဲ့ လက်မှတ်များဟာ တစ်စောင်နဲ့ တစ်စောင်

တူညီမှုမရှိဘဲ ကွဲလွဲမှုရှိနေခြင်း၊ ငွေသွင်းချလန်ပါ မြေကွက်ချထားအမိန့် (၁/၉၉)မှာလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် မှတ်တမ်းများမရှိခြင်း၊ ထုတ်ပေးတဲ့ ပြေစာကလည်း (၁၀)နှစ်ကျော်ကြာမြင့်သော်လည်း အသုံးပြုထားတဲ့ မှင်ရောင်များဟာ မှေးမှိန်မှုမရှိခြင်း၊ ထိုစဉ်က လက်မှတ်ရေးထိုးခဲ့တဲ့ ဒုတိယရဲမှူးစိုးမြင့်၊ ဒုတိယရဲမှူးကြီး(ငြိမ်း)ကလည်း ရန်ကုန်မြို့မှာ နေထိုင်လျက်ရှိသဖြင့် အဆိုပါ ငွေသွင်းချလန်များနှင့် စပ်လျဉ်းပြီး ပြန်လည်စစ်ဆေး အတည်ပြုသင့်ကြောင်း၊ မှန်ကန်မှုရှိပါက အစိုးရစီမံခန့်ခွဲမှုပြုလုပ်ပြီး အဆိုပါပုဂ္ဂိုလ်တို့အား နစ်နာမှု မရှိစေရေးအတွက် သင့်လျော်တဲ့မြေနေရာများ ချထားခွင့်ပြုနိုင်ဖို့နဲ့ နှစ်ရှည်မြေငှားဂရန်(၂၅)ခုနှင့် ပတ်သက်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန စာရင်းနဲ့ မြေပုံမှတ်တမ်းများအရ အစိုးရမှစီမံခန့်ခွဲမှု မပြုရသေးတဲ့ အခြားမြေအမျိုးအစားဖြစ်တဲ့အတွက်ကြောင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ မှတ်တမ်းများနဲ့ တိုက်ဆိုင်စစ်ဆေးတဲ့အခါမှာ ထုတ်ပေးထားမှုမရှိကြောင်း တွေ့ရပါတယ်။

မြေငှားဂရန်၊ မြေခွန်နှုန်းထားများကို နိုင်ငံတော်သို့ ပေးသွင်းထားမှုမရှိခြင်းတို့ကြောင့် မြေယာလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးထားခြင်းမရှိတဲ့ နှစ်ရှည်မြေငှားဂရန် တင်ပြသူ (၂၄)ဦးအတွက် ထည့်သွင်းစဉ်းစားရန်မသင့်ကြောင်း ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီမှ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ကို ၁၂-၃-၂၀၁၈ ရက်စွဲပါစာဖြင့် စိစစ်အကြံပြုထားတဲ့အပေါ်မှာ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၉-၃-၂၀၁၈ ရက်စွဲပါစာအမှတ် ၃/၆-၃(၂၀)(၁၁၂၃)(မြေခွန်)ဖြင့် ရွှေဘို ခရိုင်၊ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်နှင့်အညီ ဆောင်ရွက်ရန် အကြောင်းကြားခဲ့တဲ့အတိုင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေရှင်းချက်ကို ရှင်းလင်းဖြေကြားပါတယ်။

အဲဒီနေရာမှာတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီး ထံကို တင်ပြပြီးတော့မှ ခုနက နစ်နာသူများအနေနဲ့ တရားမဝင်ချထားပေးတဲ့ မြေဂရန်ချထားသူ ရွှေဘိုမြို့နေ ဦးခင်မောင်လေး နဲ့အဖွဲ့ကို တရားစွဲဆိုဖို့နှင့် ၎င်းတို့အနေနဲ့ နစ်နာမှုရှိခဲ့ရင် တစ်ဖက် မှာလည်း ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်ပြီး မိမိတို့ ဆုံးရှုံးခဲ့တဲ့ မြေကွက်များအတွက် လျှောက်ထားဖို့ဆိုပြီး ကျွန်တော်တို့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာတော့ တာဝန်ရှိတဲ့ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး၊ ယခု ကချင်ပြည်နယ် လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဦး ကိုတော့ (DE) ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးကို ဆောင်ရွက် ပြီးဖြစ်ပါတယ်။ နစ်နာသူများအနေနဲ့ သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည် လျှောက်ထားရန်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အပေါ်မှာ ပေါင်းစပ် ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး အစီအစဉ် ၅(ဃ) မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးတင်မြင့် ကပဲ ဆက်လက်ဖြေကြားခွင့်ပြုပါခင်ဗျား။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြတဲ့အပေါ်မှာ ကျွန်တော် ရှင်းလင်းတင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်ကြီးရှိ အလင်းရောင်(၂)ရပ်ကွက်တွင် အများပြည်သူသုံးရန် ထားသောမြေကို ပုဂ္ဂလိကသို့ မမှန်မကန်ဖော်ပြ၍ မြေပေးမိန့်ထုတ်ပေးထားသည့်ကိစ္စအား တိုင်ကြားခဲ့မှုအပေါ် မည်ကဲ့သို့အရေးယူဆောင်ရွက်သည်ဆိုတာ သိရှိလိုခြင်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယခင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေအရ စိစစ်ဆောင်ရွက်သွားရန် ၄-၃-၂၀၁၉ ရက်စွဲပါ စာအမှတ် ၆/၃-၁၉/ထောက် ၃/(၂၃၁၁) ဖြင့် ပဲခူးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရပ်ကွက်တာဝန်ကျ မြေတိုင်းစာရေး မြေတိုင်း(၄) ဦးသိန်းနိုင် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ အပိုဒ် ၂၁၀(က) အရ စာဖြင့် သတိပေးဆောင်ရွက်ထားပြီး အခြားတိုင်းဒေသကြီး၊ ပြည်နယ်သို့ ရွှေ့ပြောင်းစေရန် ၄-၃-၂၀၁၉ ရက်စွဲပါစာအမှတ် ၆/၃-၁၉/ထောက်၃(၂၃၁၂) ဖြင့် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့လည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအား နောက်နောင် တာဝန်ထမ်းဆောင်ရာ၌ ပုဂ္ဂလိကအချင်းချင်း အငြင်းပွားမှု ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေး မှတ်တမ်းတင် သတိပေးဆောင်ရွက်သွားရန် ၄-၃-၂၀၁၉ ရက်စွဲပါစာအမှတ် ၆/၃-၁၉/ထောက် ၃(၂၃၁၀) ဖြင့် ပဲခူးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း ဦးသန်းထူး အား ချထားပေးသည့် မြေပေးမိန့်ကို ရုပ်သိမ်းပြီး ၎င်းအား ပဲခူးမြို့နယ် မြို့ဦးကင်းတွင် (၄၀ x ၆၀) ပေ မြေကွက်တစ်ကွက် ပြန်လည်ချထားနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် ၄-၃-၂၀၁၉ ရက်စွဲပါစာအမှတ် ၆/၃-၁၉/ထောက်၃(၂၃၀၉)ဖြင့် ပဲခူးတိုင်းဒေသကြီး မြို့ကွက် မြေနေရာချထားရေးကော်မတီဥက္ကဋ္ဌသို့လည်းကောင်း အသီးသီး အကြောင်းကြားထားရှိပြီး အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနဲ့ အထက်ဖော်ပြပါအတိုင်းပဲ မြေနေရာကိစ္စများမှာ မမှန်မကန် ဆောင်ရွက်သူများကိုလည်း သက်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက်ကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀:၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့မေးခွန်းများဟာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ဝက်ရှုကျေးရွာအတွက် ဓာတ်အားပေးစက်၊ ဓာတ်အားလိုင်းကြိုး၊ မီးတိုင်များနှင့် စက်သုံးဆီ(ဒီဇယ်) ခွဲတမ်းများ တပ်ဆင် ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ဝက်ရှုကျေးရွာအတွက် ဓာတ်အားပေးစက်၊ ဓာတ်အားလိုင်းကြိုး၊ မီးတိုင်များနှင့် စက်သုံးဆီ(ဒီဇယ်) ခွဲတမ်းများ တပ်ဆင် ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ မေးခွန်းမေးမြန်းရတဲ့ အကြောင်းအရင်းကို ဖော်ပြပါမယ်။ တမူးမြို့နယ်၊ ကဘော်အထက်ပိုင်းဒေသ၊ တမူး – နန်းအောင်မော် လမ်းမကြီးတစ်လျှောက်မှာရှိတဲ့ ကျေးရွာများဟာ ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ဖျားဒေသစာရင်းဝင် ကျေးရွာများ ဖြစ်ကြပါတယ်။ တောတောင်ထူထပ်ပြီးတော့ မိုးများလို့ ငှက်ဖျားရောဂါထူပြောပြီး ဝန်ထမ်းတွေ မသွားချင်တဲ့ ဒေသလည်းဖြစ်ခဲ့ဖူးပါတယ်။ တပ်မတော်အစိုးရလက်ထက် ကျေးရွာသစ်များ ပေါ်ထွန်းလာပြီး ယခုအခါ လမ်းပန်းဆက်သွယ်ရေးလည်း အတော်အတန်ကောင်းမွန်လာပြီ ဖြစ်ပါတယ်။ အခုတော့ အဲဒီကျေးရွာတိုင်းလိုလိုမှာ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ ဓာတ်အားပေးစက်တွေနဲ့ တော်တော်လေး အဆင်ပြေနေကြပြီဖြစ်ပါတယ်။


တမူး – နန်းအောင်မော် လမ်းမကြီးတစ်လျှောက် ကျေးရွာများကတော့ ကွန်းတောင်း၊ ဆရာစံ၊ ဝက်ရှု၊ မင်းသာ၊ ကျွန်းပင်သာ၊ တုံးကျော်၊ ဗန္ဓုလ၊ မြို့သစ်မြို့၊ သနန်၊ ဖိုင်လင်း၊ မန်တော်၊ စေတီ၊ အောင်ဇေယျနဲ့ နန်းအောင်မော်တို့ ဖြစ်ပါတယ်။ အဲဒီကျေးရွာတွေအားလုံးမှာ ဝက်ရှုကျေးရွာကလွဲရင် နိုင်ငံတော်အစိုးရ တပ်ဆင်ပေးထားတဲ့ ဓာတ်အားပေးစက်တွေနှင့် ဝန်ကြီးဌာနက

လစဉ်ထောက်ပံ့ပေးနေတဲ့ စက်သုံးဆီ (ဒီဇယ်) ခွဲတမ်းများ ရရှိနေပြီဖြစ်ပါတယ်။ လျှပ်စစ်မီး သုံးစွဲခွင့် ရရှိနေကြတာလည်း ဖြစ်ပါတယ်။ ဝက်ရှူကျေးရွာမှာတော့ ကိုယ်ထူကိုယ်ထစီစဉ်ထားတဲ့ စက်ဟောင်း (၁)လုံးကို စက်သုံးဆီဖိုး နေ့စဉ်ကျခံသုံးစွဲနေရပါတယ်။ ဝက်ရှူကျေးရွာ အရှေ့ဘက်မှာရှိတဲ့ အကျဉ်းသားဟောင်းတွေ အခြေချနေထိုင်တဲ့ အုတ်ဖိုကန်ဘောင် ဆယ်အိမ်စုမှာတောင် ဝန်ကြီး ဌာနရဲ့ စက်သုံးဆီ (ဒီဇယ်) ခွဲတမ်း တစ်လ ဂါလန်(၅၀) ရနေပါတယ်။ အိမ်ခြေ(၈၀)ရှိတဲ့ ဝက်ရှူ ကျေးရွာအတွက် အစိုးရရဲ့အထောက်အပံ့မရတာ ဘာကြောင့်လဲလို့ ဒေသခံတွေက မေးနေကြ ပါတယ်။

Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံ တင်ပြပါတယ်။ ဒါကတော့ ကျွန်တော်တို့ တမူး မြို့ကနေ မြောက်ဘက်အစွန်ဆုံး နန်းအောင်မော်လမ်းမကြီးတစ်လျှောက် အားလုံးသောကျေးရွာများ၊ အနီနဲ့ ဖော်ပြထားတဲ့ ကျေးရွာတွေအားလုံးဟာ ဝန်ကြီးဌာနရဲ့ ဆီခွဲတမ်းကို ရရှိနေပြီးတော့ လျှပ်စစ်မီးကို ရရှိသုံးစွဲနေကြတာ ဖြစ်ပါတယ်။ ဒီမှာ ကျန်ရှိနေတဲ့ အဝါရောင်ပြထားတဲ့ ဝက်ရှူ ကျေးရွာတစ်ရွာတည်းသာလျှင် မိမိရဲ့ရွာအစီအစဉ်နဲ့ အသုံးပြုနေရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျေးရွာခံ ပြည်သူတွေကနေပြီးတော့ ဘာကြောင့်မို့လို့ အစိုးရရဲ့အထောက်အပံ့ငွေ တစ်ရွာတည်း ချန်ထားခဲ့ရသလဲလို့ မေးနေကြခြင်းဖြစ်ပါတယ်။ ဒါကတော့ အဲဒီတစ်လျှောက် ရွာမှာရှိတဲ့ ရွာတွေရဲ့ စက်အင်အားနဲ့ စက်သုံးဆီခွဲတမ်း ရရှိမှုအခြေအနေဖြစ်ပါတယ်။ ဝက်ရှူကတော့ စက်လည်းမရပါဘူး။ ဆီခွဲတမ်းလည်း မရပါဘူး။ ဒါကတော့ ဝက်ရှူကျေးရွာမှာ ကိုယ်ထူကိုယ်ထ အသုံးပြုနေရတဲ့ စက်ဟောင်းလေး ဖြစ်ပါတယ်။ ဒါကတော့ မီးစက်ရုံ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့် တမူးမြို့ နန်းအောင်မော် လမ်းမကြီးတစ်လျှောက်မှာရှိတဲ့ အစိုးရ အထောက်အပံ့ မရရှိဘဲတစ်ရွာတည်းကျန်နေတဲ့ ဝက်ရှူကျေးရွာအတွက် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ ဝက်ရှူကျေးရွာအတွက် ဓာတ်အားပေးစက်၊ ဓာတ်အားလိုင်းကြိုး၊ မီးတိုင်များနဲ့ စက်သုံးဆီ (ဒီဇယ်) ခွဲတမ်းများ တပ်ဆင် ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

အနီဖြင့် ဖော်ပြထားသည့် ကျေးရွာတွေအားလုံး ဝန်ကြီးဌာန၏ ဆီခွဲတမ်း ရရှိနေပြီး လျှပ်စစ်မီး ရရှိသုံးစွဲ နေကြသော ကျေးရွာများ ပြပုံ (ယ)




စက်သုံးဆီခွဲတမ်း ရရှိမှုအခြေအနေ ပြပုံ (ယ-၁)

| စဉ် | မြို့/ရွာ | စက်အင်အား | | | ထုတ်လုပ်နိုင်အား (KW) | ဆီခွဲတမ်း ရရှိမှု |
|---|---|---|---|---|---|---|
| | | Type | KVA | KW | | |
| ၁ | ကွန်းတောင်း | JCB | 58.7 | 47 | 37 | 120 |
| ၂ | ဆရာစံ | JCB | 31 | 24.8 | 17 | 93 |
| ၃ | ဝက်ရှု | - | - | - | - | - |
| ၄ | အုက်ဖိုကန်ဘောင် | Yanmar | 4.5 | 3.6 | 2.5 | 50 |
| ၅ | မင်းသာ | Perkins | 200 | 160 | 112 | 590 |
| ၆ | ကျွန်းပင်သာ | Perkins | 100 | 80 | 56 | 180 |
| ၇ | တုံးကျော် | Perkins | 25 | 20 | 14 | 93 |
| ၈ | ဇန္ဒုလ | Himoinsa | 100 | 80 | 56 | 180 |
| ၉ | မြို့သစ် | Himoinsa | 100 | 80 | 80 | 300 |
| ၁၀ | သနန် | Himoinsa | 100 | 80 | 64 | 180 |
| ၁၁ | ဖိုင်လင်း | JCB | 58.7 | 47 | 37 | 112 |
| ၁၂ | မန်တော် | Changchai | 5 | 4 | 4 | 50 |
| ၁၃ | စေတီ+အောင်ဇေယျ | Himoinsa | 100 | 80 | 80 | 200 |
| ၁၄ | နန်းအောင်မော် | Jieneng | 5 | 4 | 4 | 50 |

ဝက်ရှုကျေးရွာမှာ ကိုယ်ထူကိုယ်ထ အသုံးပြုနေသည့် စက်ဟောင်း၏ မြင်ကွင်းပုံ (ယ-၂)



**ချင်းပြည်နယ်တစ်ဝန်း လမ်းမကြီးများဖြတ်သန်းရာ ကျေးရွာများအား လျှပ်စစ်စွမ်းအင် လုံလောက်စွာနှင့် လျင်မြန်စွာ ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်တစ်ဝန်း လမ်းမကြီးများ ဖြတ်သန်းရာ ကျေးရွာများအား လျှပ်စစ်စွမ်းအင် လုံလောက်စွာနှင့် လျင်မြန်စွာ ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၅။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်တဲ့ မေးခွန်းဖြစ်တဲ့အကြောင်းကို အကျိုးအကြောင်းနဲ့ တင်ပြသွားပါမယ်။

ချင်းပြည်နယ်တွင် မြို့ကြီးများကို သွယ်တန်းပေးထားတဲ့ မြန်မာ့ဓာတ်အားလိုင်းများ ဖြတ်သန်းရာ ကျေးရွာအနည်းငယ်၌သာ အင်အားပြည့်လျှပ်စစ်မီး ရရှိပါတယ်။ ကျေးရွာမီးလင်းရေး တစ်ပိုင်တစ်နိုင်အစီအစဉ်ဖြင့် ရေအားဖြင့်လည်းကောင်း၊ ဆိုလာပြားများဖြင့်လည်းကောင်း ကြိုးပမ်း မှုများကြောင့် ရေအားလျှပ်စစ်သုံးရွာများ၌ မိုးတွင်းတွင်တစ်ညလုံး၊ နွေရာသီတွင် ညနေ ၆ နာရီမှ ၁၀ နာရီအထိ လျှပ်စစ်မီးသုံးစွဲနိုင်ကြပါတယ်။ ဆိုလာပြားသုံးရွာများအနေဖြင့် နွေရာသီ၌သာ အလင်း အတွက် သုံးစွဲနိုင်ကြပါတယ်။ အဲဒါကတော့ ကျေးရွာများရဲ့မီးလင်းရေး ယေဘုယျအခြေအနေ ဖြစ်ပါတယ်။

လမ်းမကြီးများ ဖြတ်သန်းသွားရာ ကျေးရွာများရဲ့ အမှန်လိုအပ်ချက်ကတော့ ထမင်း ဟင်း ချက်ပြုတ်နိုင်လောက်အောင် ဓာတ်အားအပြည့်အဝရရှိရေး ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ ကျေးရွာနဲ့ မြို့များဟာဆိုရင် ယေဘုယျအားဖြင့် ပင်လယ်ရေမျက်နှာပြင် ပေ(၅၀၀၀) အထက်မှာ တည်ရှိကြပါတယ်။ လမ်းမကြီးများဟာလည်းပဲ ပေ(၅၀၀၀)ဝန်းကျင် အမြင့်၌ ရှိကြတာ ဖြစ်ပါတယ်။ ပြည်မမှ တောင်ပေါ်သို့အတက်လမ်းများသာ အနိမ့်ပိုင်းတွင် ရှိကြပါတယ်။ လမ်းမကြီး များကြောင့် ထွက်ပေါ်လာတဲ့ ပြဿနာများကတော့ ရွာသူရွာသားများအနေဖြင့် ထမင်းဟင်း ချက်ပြုတ်ရေး အတွက် ထင်းများကို ခုတ်ထွင်သယ်ယူတဲ့အခါမှာ လွယ်ကူတဲ့လမ်းရဲ့ အပေါ်ပိုင်းမှာရှိတဲ့ အပင်များကို ခုတ်ယူသယ်ဆောင်ကြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ပေါ်လမ်းမကြီးများရဲ့အထက် အပေါ်ပိုင်းမှာ ပေါက်နေတဲ့ အပင်များကို ထင်းအတွက်ခုတ်ယူကြခြင်းဖြင့် မိုးရွာတဲ့အခါမှာ ရေနဲ့ မြေဆီလွှာထိန်းသိမ်းပေးမည့် အပင်နှင့် အမြစ်များ အနည်းငယ်မျှသာရှိတော့သဖြင့် မြေပြိုမှုများ မကြာခဏဖြစ်ပွားတာကို တွေ့ရ ပါတယ်။ မြေပြိုမှုများကြောင့် လမ်းနဲ့တံတားများ ပျက်စီးသွားပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ လမ်းမကြီးများ မကြာခဏ ပျက်စီးရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ လမ်းတစ်လျှောက်မှာ ရှိတဲ့ ကျေးရွာများက လမ်းအထက်ဘက်မှာရှိတဲ့ အပင်များကို ထင်းအတွက် ခုတ်ထွင်ကြခြင်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှစပြီးတော့ မြို့တော်ဟားခါးမှာ ပင်မဓာတ်အားလိုင်း ချိတ်မိသွားချိန်က စပြီးတော့ ထင်းအတွက် အပင်ခုတ်ယူမှု သိသိသာသာ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မြို့များကဲ့သို့ ကျေးရွာများကိုလည်းပဲ ထမင်းဟင်းချက်ပြုတ်နိုင်သည်အထိ လျှပ်စစ် ဓာတ်အားများ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မယ်ဆိုပါက ထင်းအတွက် အပင်များခုတ်ယူရန် လိုအပ်တော့မည် မဟုတ်သည့်အတွက် ကားလမ်းများ၌ မြေပြိုပျက်စီးမှုများ ကျဆင်းသွားမှာဖြစ် ပြီးတော့ မြေပြိုပြုပြင် ထိန်းသိမ်းစရိတ်များလည်း အများကြီးသက်သာသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်တစ်ဝှမ်းမှာရှိတဲ့ လမ်းမကြီးများ ဖြတ်သန်းသွားရာ ကျေးရွာများအား လျှပ်စစ်ဓာတ်အားများ အင်အားအပြည့်အဝ လုံလောက်စွာနှင့် လျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်ရေးကို

အလေးအနက် စဉ်းစားပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို **၁၀:၅၈** နာရီအချိန်တွင် ခေတ္တရပ်နားပြီး **၁၁:၃၄** နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ပြည်သူများ လျှပ်စစ်မီတာခ နှုန်းထားများ အဆမတန် ကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရမှုအပေါ် သက်သာမှုရှိစေရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင် မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ် (၅)ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်ခင်ဗျာ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးညီညီထွေး(ခ)ဦးကိုကိုလေး က စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ပြည်သူများ လျှပ်စစ်မီတာခ နှုန်းထားများ အဆမတန် ကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရမှုအပေါ် သက်သာမှု ရှိစေရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၅။**

**ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး(ခ)ဦးကိုကိုလေး ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ပြည်သူများ လျှပ်စစ်မီတာခ နှုန်းထားများ အဆမတန် ကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရမှုအပေါ် သက်သာမှု ရှိစေရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ဟုမ္မလင်းမြို့မှာ EPC ပိုင် (500)KVA ဒီဇယ်ဓာတ်အားပေးစက်(၁)လုံး၊ (300)KVA မီးစက်(၁)လုံး၊ မြို့မီးလင်းရေးကော်မတီမှ ဝယ်ယူထားတဲ့ (300)KVA မီးစက်(၁)လုံးနဲ့ ဖိုးသီးချိုကုမ္ပဏီပိုင် (500)KVA (၁)လုံးတို့ဖြင့် မြို့တွင်း ဓာတ်အားဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။ ဓာတ်အားသုံးစွဲသူ EPC မီတာ (၁၃၀၇)လုံးနဲ့ ကုမ္ပဏီမှ တပ်ဆင်ပေးထားသော မီတာ (၁၀၀၀)နှုန်းခန့် စုစုပေါင်းမီတာအလုံးရေ(၂၀၀၀)ကျော်ခန့် သုံးစွဲမှု ရှိပါတယ်။ ဓာတ်အားသွယ်တန်းမှုအနေနဲ့ Step up Transformer (800)KVA (၁)လုံး၊ (200)KVA (၁)လုံးတို့နှင့် ၎င်း Step down Transformer (300)KVA၊ (200)KVA (၂)လုံး၊ (160)KVA (၁)လုံးတို့အား (11)လိုင်းများနဲ့ EPC မှ တပ်ဆင်သွယ်တန်းထားပါတယ်။ စက်မောင်းဆီအနေနဲ့ ဌာနမှ ဟုမ္မလင်းမြို့အတွက် တစ်လလျှင် ဒီဇယ် (၁၁၁၆)ဂါလန်၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ရွှေပြည်အေး မြို့သစ်အတွက် တစ်လလျှင် ဒီဇယ် (၃၇၂) ဂါလန်တို့ ပံ့ပိုးပေးပါတယ်။ ကုမ္ပဏီအနေနဲ့ (500)KVA မီးစက်(၁)လုံးသာစိုက်ထုတ် ရင်းနှီးထားပါတယ်။

၂၀၁၄ ခုနှစ်မတိုင်မီက မြို့မီးလင်းရေးကော်မတီမှ တစ်ရက်လျှင် (၃)နာရီ အပြည့်ပေးပြီး မီတာခအနေနဲ့ တစ်ယူနစ်လျှင် (၄၀၀)ကျပ်နှုန်းနှင့် ဖြန့်ဖြူးပေးခဲ့ရာမှာ မြို့အတွက် (300)KVA မီးစက်(၁)လုံးနဲ့ ဓာတ်အားလိုင်းအတွက် 70mm CASR ကြိုး (၂)တန်ခန့် ဝယ်ယူ ဖြည့်ဆည်းနိုင်ခဲ့တဲ့အပြင် ရန်ပုံငွေကျပ် သိန်း(၂၀၀)နီးပါးခန့် စုဆောင်းမိပါတယ်။ ဖိုးသီးချိုကုမ္ပဏီမှ (၂၄)နာရီ မီးလင်းရေးအတွက် လျှပ်စစ်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုကာ တစ်ယူနစ်(၄၅၀)ကျပ်နှင့် စတင်ဖြန့်ဖြူးခဲ့ပါတယ်။ ယခုအခါမှာ တစ်ယူနစ်လျှင် (၆၀၀)ကျပ်နှုန်းနဲ့ ဖြန့်ဖြူးရောင်းချလျက် ရှိပါတယ်။ ပထမ(၁၀)ယူနစ်ကို (၇၅)ကျပ်နှုန်းထားရှိပြီးတော့ (၁၀)ယူနစ်ထက်ပိုတဲ့ ယူနစ်များအတွက်ကိုတော့ (၆၀၀)ကျပ်နှုန်းနဲ့ ကောက်ခံပါတယ်။ ၎င်းအပြင် မီတာ(၁)လုံး မီတာထိန်းသိမ်းခ (၅၀၀)ကျပ်နှုန်းအပြင် လမ်းမီးအတွက် (၄၀၀)ကျပ်နှုန်းဖြင့် ထပ်ဆောင်းကောက်ခံနေပါတယ်။

အထက်ဖော်ပြပါ မီတာခနှုန်းထားတွေဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး လူနေမှု တန်ဖိုးစရိတ်ကြီးမှုအတွက် ဟုမ္မလင်းမြို့နယ် ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေရပြီး ပညာရေး၊ ကျန်းမာရေးနှင့် အသေးစား အိမ်တွင်းမှုလုပ်ငန်းများအတွက် အခက်အခဲ ဖြစ်စေပါတယ်။ ဟုမ္မလင်းမြို့နယ်အတွင်းရှိ စံပြကျေးရွာကြီးများမှာ ကိုယ်ပိုင်မီးစက်များ၊ ကိုယ်ပိုင်ဓာတ်အားလိုင်း များကို စိုက်ထုတ်ရင်းနှီးပြီး ဓာတ်အားဖြန့်ဖြူးပေးနေတဲ့ အခြားကုမ္ပဏီများရဲ့ ဓာတ်အားခ နှုန်းထား ထက်ကို တစ်ယူနစ်လျှင် (၁၅၀)ကျပ် ပိုကျခံနေရကြောင်း တွေ့ရှိရပါတယ်။ တစ်ယူနစ် (၆၀၀)ကျပ် နှုန်းဆိုသည်မှာ လုံးဝမဖြစ်သင့်သော ဓာတ်အားခ ဖြစ်တဲ့အပြင် မီတာ(၁)လုံးလျှင် လမ်းမီးခ (၄၀၀)ကျပ် ပေးဆောင်ရသည်မှာလည်း လုပ်ထုံးလုပ်နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိပါ။ အခြား အမြို့မြို့အနယ်နယ်တိုင်းတွင်လည်း လမ်းမီးကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကျခံ ရခြင်း ဖြစ်ပါတယ်။

ဒီမေးခွန်းကို မေးသင့်တာ ၂၁-၁၂-၂၀၁၁ ရက်နေ့ကတည်းက မေးမြန်းရခြင်းဖြစ်ပါတယ်။ ယခု ၂၀၁၉ ခုနှစ် မေလမှာတော့ (၅၆၀)ကျပ်နှုန်းနဲ့ကောက်ခံနေတာကို တွေ့ရှိရပါတယ်။ လျှော့ထား ပါတယ်ဆိုရင်လည်း ဒါပြောပလောက်သေးတာ မဟုတ်သေးပါဘူး။ ဒါကြောင့် မြန်မာ့ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဖိုးသီးချို ကုမ္ပဏီတို့ ပေါင်းစပ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းဟာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှု ရှိ/မရှိ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းဖြစ်တဲ့ ဓာတ်အား ဖြန့်ဖြူးမှုလုပ်ငန်းအပေါ်၌ မည်သို့သဘောတူစာချုပ် ချုပ်ဆိုထားသည် မည်သည့် စည်းမျဉ်း၊ စည်းကမ်းနှင့် ချမှတ်ဆောင်ရွက်ထားခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ပြည်သူအား ချပြနိုင်မှု ရှိ/မရှိ အခြား မြို့များကဲ့သို့ တစ်ယူနစ်လျှင် (၆၀/၇၅)ကျပ်နှုန်းဖြင့် သုံးစွဲနိုင်ရန် မည်သည့်နည်းလမ်းဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကိုလည်း သိရှိလိုပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ပြည်သူများ လျှပ်စစ်မီတာခ နှုန်းထားများ အဆမတန်ကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရမှုအပေါ် မဟာဓာတ်အားလိုင်းမရောက်ခင် သို့မဟုတ် ရေအားလျှပ်စစ် စီမံကိန်း မပြီးခင်အထိ ဒီဇယ်၊ မီးစက်ဖြင့် ဓာတ်အားဖြန့်ဖြူးနေစဉ် အတွင်း သက်သာမှုရှိစေရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို၍ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဇရပ်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီး ရရှိရေးအတွက် မည်သို့ဆောင်ရွက်မည်၊ မည်သည့်နှစ်တွင် အပြီးဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် က မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဇရပ်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မည်သို့ဆောင်ရွက်မည်၊ မည်သည့်နှစ်တွင် အပြီးဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၉။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် ကြွရောက်လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော်က တောင်သာမြို့နယ်၊ ဇရပ်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီး ရရှိရေးအတွက် မည်သို့ဆောင်ရွက်မည်၊ မည်သည့်နှစ်တွင် အပြီးဆောင်ရွက်မည်ကို သိရှိလိုသဖြင့် မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တောင်သာမြို့နယ်မှာ ၂၀၁၄-၂၀၁၅ စာရင်းအရ လျှပ်စစ်မီးရရှိမှုဟာ (၂၀)ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။ အိမ်ထောင်စုအားလုံးရဲ့ (၉၀)ရာခိုင်နှုန်းဟာ သစ်သား၊ ထင်းကိုသာ လောင်စာအဖြစ် အသုံးပြုချက်ပြုတ်စားသောက်နေကြရတာဖြစ်ပါတယ်။ အဲဒီ နောက်ပိုင်း တိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်ရန်ပုံငွေနှင့် လျှပ်စစ်မီးတွေ တိုးတက်ရရှိစေဖို့ မြို့နယ် ပြည်သူတွေရဲ့ (၅၀)ရာခိုင်နှုန်းခန့်ဟာ လျှပ်စစ်မီးကို သုံးစွဲလာနိုင်ကြပါတယ်။ ရွာများမှာ ထင်းအစား လျှပ်စစ်မီးဖိုများ သုံးလာနိုင်လို့ သစ်ပင်ခုတ်လှဲခြင်းများ လျော့နည်းလာပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးသား ဖြစ်လာပါတယ်။ လျှပ်စစ်မီးဖို၊ ပန်ကာ၊ ရေခဲသေတ္တာ၊ လေအေးစက်များကိုလည်း သုံးစွဲလာနိုင်လို့ လူနေမှုအဆင့်အတန်းလည်း အတော်အတန် မြင့်မားကြပါတယ်။

ယခု ကျွန်တော်မေးမယ့် ဇရပ်ကြီးကျေးရွာအုပ်စုရဲ့ အနီးတစ်ဝိုက်ကျေးရွာများဖြစ်တဲ့ လှည်းကူးမှ ဝါးကြီးအိုင်၊ ရွှေစည်ကြီး၊ အရှေ့ချောင်းဆုံ၊ မကြီးပင်တဲ၊ မိုးနှောင်းခင်းကျေးရွာအုပ်စုများမှာတော့ ယခုထက်တိုင် လျှပ်စစ်မီးမရရှိသေးပါဘူး။ ပြည်သူများနှင့် တွေ့ဆုံရာမှာ အမျိုးသားလျှပ်စစ်စီမံကိန်းရှိတဲ့အကြောင်း၊ အစိုးရကလည်း ကြိုးစားဆောင်ရွက်လျက်ရှိတဲ့အကြောင်း အချိန်

ကျလျှင် ရရှိလာမှာဖြစ်တဲ့အကြောင်း ကျွန်တော် ရှင်းလင်းပြောခဲ့ပေမယ့်လည်း ကျေးရွာသူ၊ ကျေးရွာသားများက ကျေနပ်နိုင်ခြင်းမရှိဘဲ တိတိကျကျ သိလိုသည်၊ မြန်နိုင်သမျှ မြန်မြန်လည်း ရရှိလိုပါတယ်။ လျှပ်စစ်မီးရရှိလာရင် ဇရပ်ကြီးကျေးရွာအုပ်စုနှင့် အနီးတစ်ဝိုက် ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း(၂၂)ရွာမှာရှိတဲ့ လူဦးရေ(၁၂၀၀၀)ကျော်ကို အကျိုးပြုမှာဖြစ်ပါတယ်။ စာသင်ကျောင်းပေါင်း(၁၅)ကျောင်းမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူပေါင်း (၂၄၀၀) ကလည်း လျှပ်စစ်မီးနှင့် ကျောင်းစာများ လေ့လာဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ တခြားစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးများလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ဇရပ်ကြီးကျေးရွာဟာ တောင်သာမြို့နဲ့ အဖြောင့်တိုင်းရင် (၈)မိုင်ခန့် ဝေးလို့ ဓာတ်အားခွဲရုံ လိုအပ်မယ်ဆိုရင်လည်း ဓာတ်အားခွဲရုံအတွက် မြေနေရာ အလှူရှင်က ပေးအပ်လှူဒါန်းပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဇရပ်ကြီးကျေးရွာနှင့်အနီးတစ်ဝိုက်ကျေးရွာများမှ ပြည်သူများရဲ့ ကိုယ်စား မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၊ ဇရပ်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မည်သို့ ဆောင်ရွက်မည်၊ မည်သည့်နှစ်တွင် အပြီးဆောင်ရွက်မည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကရင်ပြည်နယ်၊ ဝတ်ကြီးဒေသတွင် ဆောင်ရွက်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၁:၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကရင်ပြည်နယ်၊ ဝတ်ကြီးဒေသတွင် ဆောင်ရွက်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်တွင် ဆောင်ရွက်နေသော လျှပ်စစ်ဓာတ်အား တိုးချဲ့ရရှိရေးနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Powe Point ပြသခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ ယနေ့ မြန်မာနိုင်ငံ၏ လက်ရှိလိုအပ်ချက်မှာ လက်ရှိတွင် တစ်နှစ်လျှင် (၂၆)ရာခိုင်နှုန်း တိုးမြှင့်ရန် လိုအပ်သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် (၆၀)ရာခိုင်နှုန်းမှ (၁၂၀)ရာခိုင်နှုန်း တိုးမြှင့်လိုအပ်လာမည် ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ တင်ပြချက်အရ ကျွန်တော်တို့ လက်ရှိ (၅၇၉၄)မဂ္ဂါဝပ်ရှိကြောင်း ပြည်ထောင်စုလွှတ်တော်မှာ

ကျွန်တော်တို့ ကြားသိလိုက်ပါတယ်။ သို့သော်လည်း နွေရာသီကာလများတွင် ဓာတ်အားလျှော့ချမှု နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက်နဲ့ စင်ကာပူနိုင်ငံလို ဖြစ်ဖို့ဆိုရင် ကျွန်တော်တို့ (၁၃၄၀၅) မဂ္ဂါဝပ် ရှိဖို့လိုအပ်ပါတယ်။ (၁၃၄၀၅)မဂ္ဂါဝပ်ရှိဖို့ဆို ကျွန်တော်တို့ ရေအား၊ လေအား၊ နေက အပူ စွမ်းအင်နဲ့ အခြားစွမ်းအင်အရင်းအမြစ်များကို ရယူသုံးစွဲရမှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ဦးစားပေးအစီအစဉ်များအရ ဘတ်ဂျက်ခွဲဝေချထားမှုတွင် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများ အနက်မှ လျှပ်စစ်စွမ်းအင်ကဏ္ဍ အသုံးစရိတ်များကို ဦးစားပေး လျာထားကြောင်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအနေအထားအရ ပတ်ဝန်းကျင်ဖန်တီးမှုဖြင့် လျှပ်စစ်ဓာတ်အား တိုးချဲ့ဆောင်ရွက်နိုင်မည့် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် ကျောက်မီးသွေး စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်ကိုလည်း သူ့နေရာနှင့်သူ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ ပြန်လည်လည်ပတ်နေကြောင်း သိရှိရပါတယ်။ ကျွန်တော် တင်ပြလိုတာကတော့ မေးခွန်းမှာ ကရင်ပြည်နယ်၊ ဝတ်ကြီးဒေသတွင် (၁၂၈၀)မဂ္ဂါဝပ် ထွက်ရှိမည့် USC ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ဆောင်ရွက်မည့်ကိစ္စပဲ ဖြစ်ပါတယ်။ ကရင်ပြည်နယ်အစိုးရနှင့် TTCL ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဖြစ်ပြီး ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ရန် ဒေသခံပြည်သူလူထုများ ရှင်းလင်းချပြခြင်း၊ ကျောက်မီးသွေး သယ်ယူပို့ဆောင်ရန် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးကြောင်း သိရှိရပါတယ်။ စီမံကိန်းကုန်ကျငွေကို နိုင်ငံတော်မှ စိုက်ထုတ်ရန်မလိုဘဲ ကုမ္ပဏီမှ အလုံးစုံကျခံသုံးစွဲသွားမည်ဖြစ်ပြီး စီမံကိန်းရဲ့ အကျိုးအမြတ် (၅)ရာခိုင်နှုန်းကို အခမဲ့ Free Share ရှယ်ယာအဖြစ် ပြည်နယ်အစိုးရမှ ရရှိမည်ဖြစ်ပါတယ်။ ကရင်ပြည်နယ်တွင် လျှပ်စစ် ဓာတ်အားပေးစက်ရုံ အကြီးစားလုပ်ငန်းများမရှိခြင်း၊ ပြည်နယ်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာခြင်း၊ ကျောက်မီးသွေး သယ်ဆောင်ရာ သံလွင်မြစ်ကြောင်းတစ်လျှောက် သောင်တူးဖော် ရန် လိုအပ်သဖြင့် ရေကြီးမှုနှင့် ကမ်းပြိုမှုများကို ကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကဏ္ဍ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အတွက် အောက်ပါမေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါ တယ်။ မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကရင်ပြည်နယ်၊ ဝတ်ကြီးဒေသတွင် ပြည်နယ်အစိုးရနှင့် TTCL ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် (၁၂၈၀)မဂ္ဂါဝပ် ထွက်ရှိမည့် USC ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ စီမံကိန်း အဘယ်ကြောင့် ကြန့်ကြာမှုများ ရှိနေပါသနည်း၊ အကောင်အထည်ဖော်ဆောင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် မြင်ကွင်းပုံ (ရ)




လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် မြင်ကွင်းပုံ (ရ-၁)




၁၂၈၀ MW(USC) လျှပ်စစ်ဓာတ်အားပေး စက်ရုံ မြင်ကွင်းပုံ (ရ-၂)



**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန(၂)ခု ညှိနှိုင်း၍ နိုင်ငံတကာတွင် ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံမြို့အားလုံး၏ မြို့တွင်းရှိ ကွန်ကရစ်တိုင်များ၌ ကွန်ကရစ်တိုင်တစ်တိုင်ထဲတွင် လျှပ်စစ်ကေဘယ်ကြိုးနှင့် ဆက်သွယ်ရေး ဖိုင်ဘာကေဘယ်ကြိုးများ သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန(၂)ခု ညှိနှိုင်း၍ နိုင်ငံတကာတွင် ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံမြို့အားလုံး၏ မြို့တွင်းရှိ ကွန်ကရစ်တိုင်များ၌ ကွန်ကရစ်တိုင် တစ်တိုင်ထဲတွင် လျှပ်စစ်ကေဘယ်ကြိုးနှင့် ဆက်သွယ်ရေး ဖိုင်ဘာကေဘယ်ကြိုးများ သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၇။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာ အသုံးအနှုန်း သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။


လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာတစ်နိုင်ငံလုံးရှိ မြို့များ၏ မြို့တွင်းလမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် လျှပ်စစ်မီးတိုင်နှင့် ဖုန်းတိုင်များသည် အလွန်များပြားစွာ တည်ရှိနေပြီး မြို့တစ်မြို့၏ သပ်ရပ်လှပမှုကို ဖျက်ဆီးနေသလို ဖြစ်နေပါတယ်။ ထို့ကြောင့် နိုင်ငံတကာမှာ ဆောင်ရွက်နေသကဲ့သို့ လျှပ်စစ်မီးတိုင်နှင့် ဖုန်းတိုင်များကို တစ်တိုင်တည်း ထားရှိ၍ တိုင်၏အပေါ်ဘက်ပိုင်းကို လျှပ်စစ်ကေဘယ်ကြိုး သွယ်တန်း၍ အောက်ဘက် 3 Meter အကွာ (သို့မဟုတ်) သင့်တော်သည့် အကွာအဝေးတွင် ဆက်သွယ်ရေး ဖိုင်ဘာကေဘယ်ကြိုး သွယ်တန်းရန် စီစဉ်ဆောင်ရွက်နိုင်ပါက မြို့ပေါ်၌ ကွန်ကရစ်တိုင်များ ရှုပ်ထွေးများပြားစွာ တည်ရှိနေခြင်း မရှိတော့ဘဲ မြို့ပြအင်္ဂါရပ်နှင့်အညီ သပ်ရပ်လှပသွားမှာ ဖြစ်ပါတယ်။ ထို့ပြင် တဘက်တွင်လည်း တိုင်များ လျော့နည်းသွားသည့်အတွက် တိုင်ကျင်းတူးခ(၃၀၀၀)ကျပ်၊ ကရိန်းဖြင့်သယ်ယူရသည့် ကုန်ကျစရိတ်(၁၀၀၀၀)ကျပ်၊ တိုင်တစ်တိုင်ချင်းစီ တန်ဖိုး(၈၀၀၀၀)ကျပ်စီ သက်သာသွားမည်ဖြစ်တဲ့အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေကို ချွေတာထိန်းသိမ်းရာ ရောက်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်။ ဒါကတော့ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စနစ်ပုံပါ။ ကွန်ကရစ်တိုင်တစ်တိုင်တည်းမှာ တိုင်၏

အပေါ်ပိုင်းမှာ လျှပ်စစ်ကေဘယ်ကြိုး သွယ်တန်းထားပြီး ယင်းကြိုး၏အောက်ဘက် 3 Meter အကွာအဝေးမှ ဆက်သွယ်ရေးကေဘယ်ကြိုး သွယ်တန်းထားတာဖြစ်ပါတယ်။ ဒါ ဂျပန်နိုင်ငံမှာရှိတဲ့ ပုံပါ။ ဒါ ကိုရီယားမှာ ဖြစ်ပါတယ်။ ဒါ တရုတ်မှာ၊ ထိုင်းနိုင်ငံမှာ ဖြစ်ပါတယ်။ ဒါ ဗီယက်နမ်နိုင်ငံမှာ ဖြစ်ပါတယ်။ ဒါ လာအိုမှာ ဖြစ်ပါတယ်။ ဒါကတော့ ရန်ကုန်မှာပါ။ တိုင်(၅)တိုင် မြို့လယ် ရပ်ကွက်မှာပါ။ ဒါ မော်လမြိုင်မှာပါ။ ပုသိမ်မှာ ဖြစ်ပါတယ်။ တိုင်(၄)တိုင်ပါ။ ဒါတောင်ငူမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန နှစ်ခုညှိနှိုင်း၍ နိုင်ငံတကာမှာ ဆောင်ရွက်နေသကဲ့သို့ မြို့အတွင်းရှိ ကွန်ကရစ်တိုင်များ၌ ကွန်ကရစ် တိုင်တစ်တိုင်ထဲတွင် လျှပ်စစ်ကေဘယ်ကြိုးနှင့် ဆက်သွယ်ရေးဖိုင်ဘာကေဘယ်ကြိုးများ သွယ်တန်းရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဒုတိယ ဝန်ကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နိုင်ငံတကာတွင် အသုံးပြုနေသည့် ကွန်ကရစ်တိုင် မြင်ကွင်းပုံ (လ)



တရုတ်နိုင်ငံတွင် အသုံးပြုနေသည့် ကွန်ကရစ်တိုင် မြင်ကွင်းပုံ (လ-၁)




ရန်ကုန်မြို့တွင် အသုံးပြုနေသည့် ကွန်ကရစ်တိုင် မြင်ကွင်းပုံ (လ-၂)




**အချိန်၊ ၁၁:၄၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၄၉။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူး

မြို့နယ်အတွင်း ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေသော ကျေးရွာပေါင်း (၁၅)ရွာရှိပြီး၊ ဓာတ်အားပေးစက်နှင့် ဓာတ်အားလိုင်းများအား စတင်ဆောင်ရွက်ချိန် ထိုစဉ်ထိုကာလက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး (နတလ)ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဝက်ရှူကျေးရွာဟာ တမူး – စေတီ – အောင်ဇေယျ ကားလမ်းပေါ်မှ အိမ်ခြေ (၈၀)ခန့်ရှိတဲ့ ချင်းတိုင်းရင်းသားအများစု နေထိုင်တဲ့ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ဝက်ရှူကျေးရွာအတွင်းမှာ တစ်သွင် နှစ်ကြိုး ဓာတ်အားလိုင်း (၁.၂)မိုင်ခန့်အား သစ်သားတိုင်၊ သစ်သားလက်တန်းများနှင့် ACSR 25 $mm^2$ များ အသုံးပြုကာ ရွှေနှင်းဖြူကုမ္ပဏီက တည်ဆောက်ပေးထားပြီး သစ်လုပ်ငန်းရှင်များက လှူဒါန်းထားတဲ့ (၁၀)ကီလိုဝပ် ဓာတ်အားပေးစက်ဖြင့် ၂၀၁၂ ခုနှစ်မှစ၍ တစ်ရက်လျှင် (၂)နာရီကြာ ကျေးရွာမှ လူ(၅)ဦးပါဝင်တဲ့ ကော်မတီဖွဲ့စည်းကာ တာဝန်ယူ ဓာတ်အားပေးလျက်ရှိကြောင်း သိရှိရပါတယ်။ အိမ်ခြေပေါင်း(၈၀)ရှိတဲ့အနက် (၄၅)အိမ်အား ဓာတ်အားပေးထားပြီးတော့ မီးအသုံးပြုမှုမှာ မီးပွင့်ပေါင်း(၅၅)ပွင့်နဲ့ တီဗွီ(၁၅)လုံး အသုံးပြုလျက်ရှိရာ တစ်လလျှင် မီအသုံးပြုခအဖြစ် မီးတစ်ပွင့်လျှင် (၂၀၀၀)ကျပ်နှုန်းနှင့် တီဗွီတစ်လုံးလျှင် (၂၀၀၀)ကျပ်ဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ ဓာတ်အားခများ ကောက်ခံခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ တမူးမြို့ မီးလင်းရေးကော်မတီက တစ်လလျှင် ငွေကျပ် (၁၅၀၀၀၀) ထောက်ပံ့ခဲ့တဲ့အတွက်ကြောင့် ဓာတ်အားခများကို တစ်လ မီးတစ်ပွင့်လျှင် (၁၀၀၀)ကျပ်သို့ လျှော့ချကောက်ခံခဲ့ကြောင်း ကျန်နေအိမ်(၂၀)မှာ ကိုယ်ပိုင်အိမ်သုံး Solar များဖြင့် အသုံးပြုလျက်ရှိကြောင်း သိရှိရပါတယ်။

တမူးမြို့နယ်၊ ဝက်ရှူကျေးရွာအား ဓာတ်အားပိုမို ဖြန့်ဖြူးပေးနိုင်ရေးအတွက် 25 KVA မီးစက်(၁)လုံးနှင့် ထပ်မံလိုအပ်တဲ့ 400 V ဓာတ်အားလိုင်း (၁)မိုင်စာအတွက် ပစ္စည်းများအား ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားသွားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပြီး စက်မောင်းရန်အတွက် လိုအပ်တဲ့လောင်စာဆီကိုတော့ ဒေသရဲ့အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း တိုင်းဒေသကြီးက ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးမယ့် အဖြေကို ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းရှိ ဟားခါး – ထန်တလန် – ဖလမ်းမြို့များကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့မှ 66 KV ဂန့်ဂေါ –ဟားခါး – ဖလမ်း ဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ ချင်းပြည်နယ်၊ မင်းတပ်မြို့သို့ မကွေးတိုင်း ဒေသကြီး၊ ကျောက်ထုမြို့မှ 66 KV ကျောက်ထု – မင်းတပ် ဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့သို့ မကွေးတိုင်းဒေသကြီး၊ ဆောမြို့မှ 11 KV ဆော – ကန်ပက်လက် ဓာတ်အားလိုင်း

ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်၊ ခိုင်ကမ်းမြို့သို့ စစ်ကိုင်းတိုင်းဒေသကြီး ကလေး မြို့မှ 11 KV ကလေး – ခိုင်ကမ်း ဓာတ်အားလိုင်းဖြင့်လည်းကောင်း ဓာတ်အားပေးလျက်ရှိပါတယ်။

ထိုကဲ့သို့ ဓာတ်အားပေးလျက်ရှိတဲ့ အခြေအနေကနေပြီးတော့ လက်ရှိ လျှပ်စစ်ဓာတ်အား ရောက်ရှိတဲ့နေရာတွေကနေ ထပ်မံကာ 11 KVA ဓာတ်အားလိုင်းများနှင့် အနီးအနားမှာရှိတဲ့ မြို့ပေါ် ရပ်ကွက်နဲ့ ကျေးရွာများကို လျှပ်စစ်ဓာတ်အားပေးနိုင်ရန် ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေဖြင့် ဘဏ္ဍာရေး နှစ်အလိုက် လျာထားကာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထန်တလန်မြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ဟားခါး – ထန်တလန် 66 KVA ဓာတ်အားလိုင်း (၁၄.၅)မိုင်နှင့် ထန်တလန်မြို့တွင် 66/11 KVA ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ခြင်း လုပ်ငန်းအားလည်းကောင်း၊ ပလိပ်ထွီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မင်းတပ် – ပလိပ်ထွီ 33 KVA ဓာတ်အားလိုင်း (၁၂.၂)မိုင် တည်ဆောက်ခြင်းနှင့် ပလိပ်ထွီတွင် 33/11 KVA 5 MVA ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၉–၂၀၂၀ နှင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေး နှစ်များတွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

တီးတိန်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကလေး – သိုင်းငင် – တီးတိန် 66 KVA ဓာတ်အားလိုင်း မိုင်(၄၀)နှင့် တီးတိန်မြို့တွင် 66/11 KV 10 MVA ဓာတ်အားခွဲရုံ တွန်းဇံနှင့် ရိခေါဒါရ်မြို့များသို့ ဆက်လက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် 66/33 KV 20 KVA ဓာတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်း၊ တီးတိန် – ရိခေါဒါရ် 33 KV ဓာတ်အားလိုင်း (၃၂)မိုင်နှင့် ရိခေါဒါရ်တွင် 33/11 KV 10 MVA ဓာတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်း၊ ပလက်ဝမြို့အား ဓာတ်အားပေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့မှ 66 KV ကျောက်တော် – ပလက်ဝ ဓာတ်အားလိုင်း(၃၅)မိုင်နှင့် ပလက်ဝမြို့တွင် 66/11 KV 5 MVA ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားဖြန့်ဖြူးနိုင်ရန် 66 KV ဓာတ်အားလိုင်း(၀.၅)မိုင်နှင့် 66/11 KV 5 MVA ဓာတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်း၊ ဆမီးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ပလက်ဝ – ဆမီး 66 KV ဓာတ်အားလိုင်း (၄၂)မိုင်နှင့် ဆမီးတွင် 66/11 KVA 5 MVA ခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား JICA ချေးငွေ ရယူကာ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် လျာထားတဲ့ ချေးငွေရယူရန်ကိစ္စကို ပြီးခဲ့တဲ့ ၉–၅–၂၀၁၉ ရက်နေ့ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။

ချေးငွေသဘောတူစာချုပ်အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် JICA တို့ လက်မှတ် ရေးထိုးရန် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး စာချုပ်ချုပ်ဆိုပြီးတဲ့နောက်ပိုင်းမှာ စီမံကိန်း လုပ်ငန်းများကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ

ဖြစ်ပါတယ်။ ထပ်မံ၍ တီးတိန်မှ တွန်းဇံသို့ 66 KV ဓာတ်အားလိုင်း(၂၉)မိုင်နှင့် တွန်းဇံမြို့တွင် 66/11 KV 5 MVA ဓာတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ တွန်းဇံတွင် 66/33 KV 20 MVA ဓာတ်အားခွဲရုံ (၁)ရုံ၊ တွန်းဇံမှ ကျီခါးသို့ 33 KV ဓာတ်အားလိုင်း မိုင်(၄၀)နှင့် ကျီခါးတွင် 33/11 KVA 5 MVA ဓာတ်အားခွဲရုံ (၁)ရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် 66 KV ကလေး - သိုင်းငင် - တီးတိန် ဓာတ်အားလိုင်းမှ ခိုင်ကမ်းမြို့သို့ 66 KV ဓာတ်အားလိုင်း(၁)မိုင်၊ ခိုင်ကမ်းတွင် 66/11 KV 10 MVA ဓာတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်းတို့အား ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်များတွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လျာထားတာဖြစ်ပါတယ်။

ချင်းပြည်နယ်တစ်ဝန်း လမ်းမကြီးများဖြတ်သန်းရာ ကျေးရွာများကိုသာမက လက်ရှိတည်ရှိပြီးတဲ့ ဓာတ်အားခွဲရုံနှင့်၊ ဓာတ်အားလိုင်းများ ထပ်မံတည်ဆောက်ပြီးစီးလာမယ့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို အခြေခံကာ ၎င်းဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ၏ ဓာတ်အားပေးဧရိယာအတွင်းမှာရှိတဲ့ မြို့နယ်၊ ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတကာချေးငွေ အထောက်အပံ့များဖြင့်လည်းကောင်း၊ ပြည်နယ်အစိုးရရန်ပုံငွေများဖြင့်လည်းကောင်း နှစ်အလိုက်၊ အဆင့်အလိုက် လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး(ခ)ဦးကိုကိုလေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အား ပေါင်းစပ်ကာ ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဟုမ္မလင်းမြို့ကို ဌာနပိုင် 500 KVA ဓာတ်အားပေးစက်ဖြင့် တစ်လလျှင် ဆီ(၁၁၁၆)ဂါလန်ဖြင့် တစ်ရက်ကို(၂)နာရီ ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ မေလမှ စတင်ကာ ဒေသအာဏာပိုင်များနှင့် မြို့မိမြို့ဖများက ကော်မတီဖွဲ့စည်းပြီး တစ်ရက်လျှင်(၃)နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး တစ်နာရီအတွက် ထပ်မံလိုအပ်တဲ့ ဒီဇယ်ဆီကို မြို့မီးလင်းရေးကော်မတီ၏ အစီအစဉ်နှင့် ဝယ်ယူမောင်းနှင်ခဲ့တာ ဖြစ်ပါတယ်။

ဟုမ္မလင်းမြို့ကို (၂၄)နာရီ ဓာတ်အားပေးနိုင်ရေးအတွက် ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်နှင့် ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်မီးလင်းရေးကော်မတီများ၊ ပြည်သူလူထု (၁၉၇)ဦးတို့ ညှိနှိုင်းအစည်းအဝေးကို ၂၁-၁-၂၀၁၅ ရက်နေ့မှာ ပြုလုပ်ခဲ့ပြီး အစည်းအဝေးရဲ့ သဘောတူညီချက်များဖြင့် မြို့မီးလင်းရေးကော်မတီမှ မူလဆောင်ရွက်နေတဲ့ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းကို ရပ်ဆိုင်းခဲ့ပါတယ်။ အဆိုပါ အစည်းအဝေးက အိမ်သုံးမီတာ(၁)လုံးအတွက် (၁၀)ယူနစ်ထိ

(၃၀၀)ကျပ်နှုန်း၊ (၁၀)ယူနစ်ကျော်ပါက ဒီဇယ်ဆီရဲ့ဈေးနှုန်းအရ (၄၉၀)ကျပ်နှုန်း ကောက်ခံသွားရန်၊ လမ်းမီးများအတွက် မီးသုံးသူဦးရေ(၁၀၀)လျှင် မီးချောင်း (၁၅)ချောင်းနှုန်း ကုမ္ပဏီမှတပ်ဆင်ရန်၊ လမ်းမီး မီတာခအဖြစ် တစ်လလျှင် အိမ်သုံးမီတာ(၁)လုံး (၄၀၀)ကျပ်နှုန်း ကောက်ခံရန်၊ လမ်းမီး တပ်ဆင်ခြင်းနှင့် လဲလှယ်ခြင်းအား ကော်မတီကကျခံဆောင်ရွက်ရန်ဆိုသည့် အချက်များအား ညှိနှိုင်းသဘောတူညီခဲ့ကြပြီး အဆိုပါ အစည်းအဝေးမှတ်တမ်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြကာ ၂၀၁၅ ခုနှစ်၊ မတ်လမှာ စတင်ပြီး ကော်မတီက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ကြောင်း သိရှိရပါတယ်။

ထိုကဲ့သို့ ဓာတ်အားဖြန့်ဖြူးပေးရာမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီတို့က ၉-၁၁-၂၀၁၈ ရက်နေ့မှာ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်။ ဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု မဟုတ်ပါကြောင်း ဖြည့်စွက်ရှင်းလင်း တင်ပြအပ်ပါတယ်။ ဓာတ်အားခ နှုန်းထားများကို တစ်လချင်းစီမှာ ဝယ်ယူမောင်းနှင်ခဲ့တဲ့ ဒီဇယ်ဆီတစ်ဂါလန်ရဲ့ ပျမ်းမျှဈေးနှုန်းပေါ်မှာ မူတည်ကာ တစ်ယူနစ်ဈေးနှုန်းမှာ ဒီဇယ်ဆီတစ်ဂါလန်ဈေးကို (၁၀)နှင့်စား၍ ဝန်ဆောင်မှု အထွေထွေစရိတ် အားလုံးပေါင်း(၁၂၀)ကျပ် ထပ်ပေါင်းတွက်ချက်ပြီးတော့ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီက လစဉ်တင်ပြကာ သတ်မှတ်ကောက်ခံနေခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ အဖြေမှာ ပါရှိတာဖြစ်ပါတယ်။

ဒေသတွင်းမီးလင်းရေးဆောင်ရွက်မှုများအနေနဲ့ ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာမှာ 350 KVA မီးစက်(၁)လုံးနှင့် (၄၀၀)ဗို့ဓာတ်အားလိုင်း (၃)မိုင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဓာတ်အားပေးရေးလုပ်ငန်းများကို ကျေးရွာမီးလင်းရေးကော်မတီက ဆောင်ရွက်တဲ့အခါမှာ တစ်ရက်ကို (၃)နာရီ ဓာတ်အားပေးကာ တစ်ယူနစ်လျှင် (၈၀၀)ကျပ်နှုန်း ကောက်ခံလျက်ရှိကြောင်း၊ နမ့်တောစံပြကျေးရွာမှာလည်း 250 KVA ဓာတ်အားပေးစက်(၂)လုံးနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်း (၃)မိုင်ကို Apple Energy ကုမ္ပဏီရဲ့ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီနှင့် မီးလင်းရေးကော်မတီတို့ အကျိုးတူပူးပေါင်းကာ ၁-၉-၂၀၁၇ ရက်နေ့မှ စတင်ပြီး တစ်ရက်လျှင် (၁၀:၃၀)နာရီကြာ ဓာတ်အားပေးကာ ဓာတ်အားတစ်ယူနစ်ကို (၄၂၀)ကျပ်ဖြင့် ကောက်ခံလျက်ရှိကြောင်း ဖောင်းပြင်မြို့နယ်တွင်လည်း ဖိုးသီးချိုကုမ္ပဏီက ဓာတ်အားပေးလျက် ရှိရာ ဌာနမှပံ့ပိုးတဲ့ဆီ တစ်လလျှင်(၂၁၀၈)ဂါလန်ကို အသုံးပြုကာ တစ်ရက်လျှင်(၄)နာရီ ဆီဖိုးထပ်မံ ကျခံပေးတဲ့အတွက် ဌာနမီတာအတွက်သုံးတဲ့ မီတာကိုတော့ ဌာနနှုန်းထားနဲ့ကောက်ခံပြီး ကျန်သုံးစွဲတဲ့ယူနစ်တွေကိုတော့ ဒီဇယ်ဆီတစ်ဂါလန်ကို (၁၀)နဲ့စားပြီး စရိတ်စက အထွေထွေ (၁၃၀)ကျပ်ပေါင်းကာ ကောက်ခံတဲ့အတွက်ကြောင့် ယခုအခါ (၅၆၁)ကျပ်နှုန်းနဲ့ ကောက်ခံ နေကြောင်း၊ ခန္တီးမြို့နယ်၊ ဆင်သေကျေးရွာတွင် 303 KVA မီးစက်(၁)လုံးနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်း

(၂)မိုင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ဆောင်ရွက်ခဲ့ပြီး ဓာတ်အားပေးရေးလုပ်ငန်းများကို ကျေးရွာမီးလင်းရေး ကော်မတီက ဆောင်ရွက်ကာ တစ်ရက်လျှင်(၃)နာရီကြာ ဓာတ်အားပေးပြီး တစ်ယူနစ်လျှင်(၇၀၀)ကျပ် ကောက်ခံလျက်ရှိကြောင်း သိရှိရပါတယ်။

ဒီဇယ်ဓာတ်အားပေးစက်များနဲ့ ဓာတ်အားပေးနေတဲ့ ဒေသများအနက်မှာ နမ့်တောာစံပြကျေးရွာကို ဓာတ်အားပေးနေတဲ့ Apple Energy ကုမ္ပဏီကကောက်ခံတဲ့ တစ်ယူနစ်လျှင် ဓာတ်အားခနှုန်းထား (၄၂၀)ကျပ်မှာ အနည်းဆုံးဖြစ်သော်လည်း ဓာတ်အားပေးတဲ့စနစ်မှာ Solar နဲ့ Diesel Generator Hybrid ကိုပေါင်းစပ်ကာ ဓာတ်အားပေးရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်အားပေးချိန်ဟာ တစ်ရက်ကို(၂၄)နာရီပေးတာမဟုတ်ခြင်း၊ ဟုမ္မလင်းမြို့ကို ဓာတ်အားပေးတာကတော့ (၂၄)နာရီဖြစ်နေခြင်းနဲ့ ကောက်ခံတဲ့ တစ်ယူနစ်ဓာတ်အားခနှုန်းထားကလည်း တခြားဒေသမှာရှိတဲ့ အနည်းဆုံးဓာတ်အားခနှုန်းထားနဲ့ မတူညီနိုင်ခြင်းတို့ဖြစ်နေကြောင်း ရှင်းလင်းဖြေကြားထားပါတယ်။ မီးသုံးစွဲသူဦးရေ အနည်းအများနဲ့ ပေးရတဲ့ဓာတ်အားလိုင်း အတိုအရှည်ပေါ် မူတည်ပြီး ဓာတ်အားခကောက်ခံတဲ့နှုန်းထားတွေ တွက်ချက်ပုံကွာခြားတဲ့ အချက်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ မီတာ(၁)လုံး တစ်လလျှင် လမ်းမီးခအဖြစ် (၄၀၀)ကျပ် ပေးဆောင်ရခြင်းနဲ့ပတ်သက်ပြီး အခြားသော ပုဂ္ဂလိက ဒီဇယ်ဓာတ်အားပေးစက်များနဲ့ ဓာတ်အားပေးထားတဲ့ ခန္တီးမြို့နှင့် ဖောင်းပြင်မြို့များတွင်လည်း လမ်းမီး မီတာခများကို မီးသုံးသူများက ကျခံရပါတယ်လို့ ဖြေကြားထားပါတယ်။ ဟုမ္မလင်းမြို့တွင် ယခင်က မြို့တွင်းလမ်းမီးအလုံး(၂၀)သာ တပ်ဆင်သုံးစွဲခဲ့ပြီး ပုဂ္ဂလိကက လျှပ်စစ်ဓာတ်အား ပေးလာတဲ့အချိန်မှာ ယခင်က ထိုလမ်းမီးများကို (၂)နာရီသာ အသုံးပြုခဲ့ပြီး ယခု ပုဂ္ဂလိက က လျှပ်စစ်ဓာတ်အားပေးလာတဲ့အချိန်မှာ လမ်းမီး အလုံးပေါင်း(၆၀၀)တပ်ထားပြီး တစ်ရက်လျှင်(၁၀)နာရီ သုံးစွဲတဲ့အတွက်ကြောင့် တစ်လလျှင် ယူနစ်(၅၀၀၀)ကျော် လျှပ်စစ်လမ်းမီးခ သုံးစွဲနေပြီး ကုမ္ပဏီက ကောက်ခံရရှိတဲ့ လမ်းမီးခနဲ့ တွက်ချက်လိုက်လို့ရှိရင် ကျပ်(၂၅)သိန်းခန့် မီတာဖိုး ကျသင့်မှာဖြစ်ပေမယ့် ယခုမီတာ(၁)လုံးကို မီတာခ(၄၀၀)ကျပ်နဲ့သာ ကောက်ခံတဲ့အတွက်ကြောင့် မီတာအလုံးပေါင်း (၂၁၀၀)ကနေ (၈၄၀၀၀၀)သာ ကောက်ခံရရှိတဲ့အတွက်ကြောင့် မီးလုံးတပ်ဆင်ခြင်း၊ လဲလှယ်ခြင်းများကို ကုမ္ပဏီက စိုက်ထုတ်ကျခံပေးနေတယ်ဆိုတာကို ဖြေကြားထားပါတယ်။

မြို့နယ်စည်ပင်သာယာရေးကော်မတီအနေနဲ့ လမ်းမီးအရေအတွက်ကို လုံလောက်အောင် တပ်ဆင်နိုင်ခြင်းမရှိခဲ့လို့ လမ်းမီးပြုပြင်ထိန်းသိမ်းခြင်းနဲ့ များပြားတဲ့ လမ်းမီးဓာတ်အားခကို ကျခံနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် စည်ပင်သာယာရေးကော်မတီက လမ်းမီးမီတာခများကို ကျခံခြင်းမရှိကြောင်း ဖြေကြားထားပါတယ်။ ယခုကဲ့သို့ မီတာခများ ကောက်ခံဖို့ကိုလည်း ဟုမ္မလင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ၉-၅-၂၀၁၇ ရက်နေ့မှာပြုလုပ်တဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ

အဖွဲ့ဝင်များ၊ ဖိုးသီးချိုကုမ္ပဏီတို့ကပြုလုပ်တဲ့ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း ဖြေကြားထားပါတယ်။ ဟုမ္မလင်းမြို့နယ်မှာရှိတဲ့ ဓာတ်အားသုံးစွဲသူများ ဓာတ်အားခ နှုန်းထားသက်သာစွာ သုံးစွဲနိုင်ရေးကိုရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီး အစိုးရရဲ့ရန်ပုံငွေဖြင့် နမ့်ပင အသေးစားရေအား လျှပ်စစ်စီမံကိန်း (၄)မဂ္ဂါဝပ်ထွက်ရှိမယ့် စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ ပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့တော့ ထိုဒေသများကို မဟာဓာတ်အားလိုင်းမှ ဓာတ်အားပေးနိုင်ရန် ရည်ရွယ်ပြီးတော့ တမူး - ဖောင်းပြင် - ဟုမ္မလင်း 230 KVA ဓာတ်အားလိုင်းနှင့် 230 KVA ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်သွားရန် စီမံချက် ရေးဆွဲထားပါတယ်။ ဓာတ်အားဖြန့်ဖြူးရေးအပိုင်းအတွက် ထပ်မံလိုအပ်တဲ့ ဟုမ္မလင်းဓာတ်အားခွဲရုံမှ 66 KVA လိုင်း (၇)မိုင် ထပ်မံစစ်သွားရန်နှင့် ဟုမ္မလင်း မြို့တွင် 66/11 KVA 10 MVA ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်များမှာ ဆောင်ရွက်သွားရန် စီမံချက် ရေးဆွဲထားပြီးဖြစ်ပါတယ်။ ထိုဒေသများအတွက် ပင်မဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးသွားလို့ရှိရင်တော့ မဟာဓာတ်အား လိုင်းမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဇရပ်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ(၂၃)ရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လက်ရှိ တောင်သာမြို့ရုံး 33/11 KVA 5 MVA ဓာတ်အားခွဲရုံမှ 11 KVA တစ်ခု ထပ်မံတည်ဆောက်ကာ 11 KVA ဓာတ်အားလိုင်း စုစုပေါင်း(၁၀)မိုင်နှင့် 11/0.4 KVA ထရမ်စဖော်မာ စုစုပေါင်း(၂၃)လုံး တည်ဆောက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါတည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်ရန်ပုံငွေမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း တိုင်းဒေသကြီးအစိုးရ၏အဖြေကို ကိုယ်စား ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်း ဖြေကြား သွားမှာဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း မေးမြန်းခဲ့တဲ့ မေးခွန်းဟာ ယခု ကိုယ်စားလှယ်က မေးမြန်းတဲ့ မေးခွန်းမှာပါရှိတဲ့ စီမံကိန်းနဲ့အတူတူပဲဖြစ်ပါတယ်။ အဆိုပါ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ကပဲ ဒုတိယအကြိမ်

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ၈-၂-၂၀၁၉ ရက်နေ့မှာ ရှင်းလင်းဖြေကြားခဲ့ဖူးတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံအခြေစိုက် ကုမ္ပဏီဖြစ်တဲ့ ကုမ္ပဏီတစ်ခုရဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်လိုတဲ့ စက်တပ်ဆင်အင်အား (၁၂၈၀)မဂ္ဂါဝပ် ထွက်ရှိမည့် Ultra Super Critical (USC) နည်းပညာသုံး ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဝတ်ကြီးကျေးရွာအနီး မြေကေ(၈၁၅)ပေါ်မှာ ဆောင်ရွက်လိုကြောင်း အဆိုပြု တင်ပြထားတဲ့ စီမံကိန်းဖြစ်ပါတယ်။

အဆိုပါ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ပြုလုပ်ရန် အဆိုပါကုမ္ပဏီနဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့တို့အကြားမှာ နားလည်မှုစာချွန်လွှာကို ၃-၄-၂၀၁၈ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဆိုပါစီမံကိန်းက စက်စွမ်းအားပြည့် လည်ပတ်ရန်အတွက် တစ်ရက်လျှင် ကျောက်မီးသွေးအသုံးပြုရမည့် တန်ချိန်ပေါင်းက(၁၂၉၀၀)တန်ခန့် သုံးစွဲရမှာဖြစ်ပါတယ်။ ကုမ္ပဏီရဲ့အဆိုပြုချက်မှာ စီမံကိန်းအတွက် လိုအပ်တဲ့ကျောက်မီးသွေးကို ဩစတြေးလျနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကနေ တင်သွင်းမှာဖြစ်ပြီး ကျောက်မီးသွေး တင်သွင်းတဲ့အခါမှာ ကျောက်မီးသွေး တင်သွင်းတဲ့ ကုမ္ပဏီများဟာ တန်ချိန်အနည်းဆုံး (၁၈၀၀၀၀)ကနေ (၇၈၀၀၀၀) အထိ သင်္ဘောဖြင့် သယ်ယူလာရမှာဖြစ်တယ်လို့ တင်ပြထားပါတယ်။ အဆိုပါလုပ်ငန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်မယ်ဆိုလို့ ရှိရင် ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေ အသီးသီးကို သဘောထားမှတ်ချက်တွေ တောင်းခံရပါတယ်။ အဲဒီအခါမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလည်း ပါရှိပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ထံလည်း သဘောထားမှတ်ချက်တွေ တောင်းခံခဲ့ရပါတယ်။

ထိုသို့တောင်းခံရာမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြန်ကြားချက်ဟာ ပြည်ပက သင်္ဘောကြီးများရဲ့ တန်ချိန် (၁၈၀၀၀၀)ကနေ (၇၈၀၀၀၀)ရှိမှာဖြစ်ပြီးတော့ နွေရာသီမှာ လုံလောက်တဲ့ရေအနက်ရှိတဲ့ ဆိပ်ကမ်းနယ်နိမိတ်ပြင်ပဖြစ်သော ပင်လယ်ပြင်မှာ ကျောက်ချထားတဲ့ Floating Terminal လိုအပ်တယ်။ မိုးရာသီမှာ ပင်လယ်ပြင်မှာ ထိုသို့ရပ်နားရန် ခက်ခဲတဲ့အတွက် အဲဒီအခါမှာ လှိုင်းလေကွယ်သည့် ကုလားကုတ်ကျွန်း အရှေ့ဘက်ကို အသုံးပြုပြီး အခြေပြု ကျောက်ချထားရန် လိုအပ်ပြီး ထိုသို့ လှိုင်းလေကွယ်တဲ့နေရာ ပင်လယ်ပြင်ကနေ တန်ချိန် (၃၀၀၀) ဆံ့တဲ့ ဇက်သင်္ဘောများနဲ့ နေ့စဉ် စက်ရုံဆိပ်ကမ်းကို ကျောက်မီးသွေးတွေ ပို့ဆောင်တင်ချရမှာ ဖြစ်ကြောင်း မူလသင်္ဘောကြီးကနေ ဇက်ရေယာဉ်သင်္ဘောပေါ်ကို ကျောက်မီးသွေးများ ကူးပြောင်းတင်ပို့ချိန်၊ ဇက်ရေယာဉ်သင်္ဘောများက စက်ရုံဆိပ်ကမ်းသို့ ဆန်တက်ချိန်၊ စက်ရုံဆိပ်ကမ်းမှ ကျောက်မီးသွေးများကို ကုန်ချချိန်၊ ကုန်ချပြီးနောက် ပင်ရင်းသင်္ဘောကြီးထံ ပြန်လာကာ နောက်ကုန်ကို ပြန်လည်တင်တဲ့အချိန် စတာတွေကို စနစ်တကျ တွက်ချက်လိုက်တဲ့အခါမှာ လုပ်ငန်းလိုအပ်ချက်အရ တန်ချိန်(၃၀၀၀)ဆံ့ ဇက်ရေယာဉ်သင်္ဘောအစီး(၂၀)ခန့်နဲ့ သယ်ယူမှ ဓာတ်အားပေးစက်ရုံရဲ့

လိုအပ်တဲ့ကျောက်မီးသွေးကို စဉ်ဆက်မပြတ် သယ်ပို့နိုင်မှာဖြစ်ကြောင်း၊ မိုးရာသီမှာ ထိုသို့သယ်ယူမယ့် Barge များဟာ ပင်လယ်ပြင်အတွင်းကို ဝေးလံစွာ ထွက်ပြီးသယ်ယူရမှာ ဖြစ်တဲ့အတွက်ကြောင့် လှိုင်းလေရှိလို့ရှိရင် ကျိုက္ခမီပင်လယ်ကွေ့မှာ ကုန်ကူးပြောင်းတင်ပို့ရန် အခက်အခဲရှိမည်ဖြစ်ကြောင်း၊ သံလွင်တံတား (မော်လမြိုင်)မှ ဘားအံမြို့၊ ဝတ်ကြီးကျေးရွာအထိ ကျောက်မီးသွေး သယ်ဆောင်လာတဲ့ သင်္ဘောများသွားလာနိုင်ရန် လုံလောက်တဲ့ရေလမ်းကြောင်း အကျယ်(၁၂၀)မီတာနဲ့ ရေအနက်ရေစစ်မျဉ်းအောက် (၃)မီတာ ရရှိရေးအတွက် မြစ်ကြောင်းတစ်လျှောက် (၄၆)နေရာမှာ ခန့်မှန်းကုဗမီတာ (၅)သန်းခန့် တူးဖော်ရန်လိုအပ်မည်ဖြစ်ကြောင်း သို့ပါ၍ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဝတ်ကြီးကျေးရွာတွင် USC နည်းပညာဖြင့် တည်ဆောက်မည့် (၁၂၈၀)မဂ္ဂါဝပ် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်း၏ မြစ်ရေလမ်းကြောင်း ကောင်းမွန်ရန် ထိန်းသိမ်းရမည့် လုပ်ငန်းပမာဏကြီးမားခြင်း၊ ထိုသို့ ဆောင်ရွက်ရမည့်လုပ်ငန်းကို နှစ်စဉ် ဆက်လက်ထိန်းသိမ်းရန် လိုအပ်နေခြင်း၊ မိုးရာသီ၌ ကုန်ကူးပြောင်းတင်ပို့ သယ်ယူရန် အခက်အခဲရှိပြီး စက်ရုံ စဉ်ဆက်မပြတ်လည်ပတ်မှုကို ရပ်တန့်သွားနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရန် ဇက်ရေယာဉ် မြောက်မြားစွာ လိုအပ်ပြီးပမာဏများတဲ့အတွက်ကြောင့် အလျဉ်မီရန် ခက်ခဲခြင်းနှင့် ရေရှည်တွင် ပင်လယ်ပြင်နှင့် ကျိုက္ခမီကမ်းခြေတို့တွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေနိုင်ခြင်းတို့ကြောင့် ဆောင်ရွက်ရန် မသင့်ပါကြောင်း သဘောထား ပြန်ကြားလာခဲ့ပါတယ်။ ထိုကဲ့သို့ သဘောထား ပြန်ကြားလာခဲ့တဲ့အတွက်ကြောင့် အဆိုပါစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး ရပ်ဆိုင်းသွားခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော်က ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများဖြစ်တဲ့ ဆက်သွယ်ရေးဖိုင်ဘာကေဘယ်ကြိုးများ တည်ဆောက်ရာမှာ ပုဂ္ဂလိကပိုင်နေရာများ၊ လယ်ယာမြေနေရာများ၊ အစိုးရပိုင်မြေများ၊ လမ်းဦးစီးဌာနရဲ့ လမ်းနယ်နိမိတ်အတွင်းမှာ ဆောင်ရွက်ရန်ခက်ခဲပြီး ဖိုင်ဘာကေဘယ်ကြိုးများချခြင်းနှင့် ဖိုင်ဘာကေဘယ်ကြိုးများ သွယ်တန်းရန် သီးခြားကွန်ကရစ်တိုင်တွေ စိုက်ထူရမှာဖြစ်တဲ့အတွက်ကြောင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ အော်ပရေတာများ၊ ကုမ္ပဏီများအနေနဲ့ မြေနေရာအခက်အခဲကို ကျော်လွှားနိုင်ဖို့အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများမှာ အသုံးပြုထားသော ကွန်ကရစ်တိုင်များမှာ ဆက်သွယ်ရေးဖိုင်ဘာကေဘယ်ကြိုးတွေ တပ်ဆင်အသုံးပြုခွင့်များကို လျှောက်ထားလာတာ ဖြစ်ပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရကုမ္ပဏီများဖြစ်တဲ့ Myanmar Information Highway Co.,Ltd, Global Technology Co.,Ltd နှင့် Shwe Than Lwin Media Co.,Ltd တို့ဟာ

ယခင်အစိုးရသက်တမ်းကာလမှာ အဆိုပါနည်းလမ်းဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရဖို့အတွက် ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်တွေ တောင်းခံခဲ့ပြီး လက်ရှိအချိန်မှာ ရန်ကုန်မြို့၊ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာရှိတဲ့ အချို့သော မြို့နယ်များမှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းပိုင်လျှပ်စစ်မီးတိုင်များပေါ်မှာ ဆက်သွယ်ရေးဖိုင်ဘာကြိုးတွေကို တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ပြီးဖိုင်ဘာကြိုးပေါင်း (၂၁၅၀.၃၁)ကီလိုမီတာကို မျှဝေအသုံးပြုလျက်ရှိပါတယ်။ ထို့အတူ ရွှေသံလွင်ကုမ္ပဏီဟာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့်လည်း စာချုပ်ချုပ်ဆိုခဲ့ပြီးတော့မန္တလေးမြို့အတွင်းမှာရှိတဲ့ လျှပ်စစ်ကွန်ကရစ်တိုင်တွေအပေါ်မှာ ဆက်သွယ်ရေး ဖိုင်ဘာကေဘယ်ကြိုးများ (၄၈၁.၃)ကီလိုမီတာကို တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ မန္တလေးနှင့် ရန်ကုန်မှအပကျန်နယ်နိမိတ်တွေအတွင်းမှာ ၂၀၁၆ ခုနှစ်အတွင်းက ဆက်သွယ်ရေး ဖိုင်ဘာကေဘယ်များချိတ်ဆွဲခွင့် သဘောတူစာချုပ်ကို ရွှေသံလွင်ကုမ္ပဏီနဲ့ ချုပ်ဆိုခဲ့ကြတာဖြစ်ပါတယ်။ သို့သော်လည်းပဲကုမ္ပဏီက လုပ်ငန်းတွေဆောင်ရွက်မှု မရှိခဲ့ပါဘူး။ ယခု ၂၀၁၈ ခုနှစ်နောက်ပိုင်းကျမှ ပြန်လည်တင်ပြလာခြင်းတွေ ရှိပါတယ်။

အဆိုပါ လုပ်ငန်းနှင့်ပတ်သက်ပြီး လက်ရှိအချိန်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ မူလသဘောတူစာချုပ်ချုပ်ခဲ့တဲ့ စာချုပ်များကို ပြန်လည်လေ့လာတဲ့အခါမှာ နည်းပညာပိုင်းသတ်မှတ်မှု အားနည်းနေတာတွေ တွေ့ရှိရပါတယ်။ ဓာတ်အားလိုင်း ဗို့အားအဆင့်အလိုက်ပေါ်မှာမူတည်ပြီး တိကျတဲ့ ချိတ်ဆွဲမှုဒီဇိုင်းသတ်မှတ်ချက်များ ပြည့်စုံမှု အထူးအားနည်းနေတာလည်းတွေ့ရှိရပါတယ်။ အိမ်နီးချင်းနိုင်ငံများရဲ့ စံနှုန်းများနဲ့ နှိုင်းယှဉ်ရင်လည်း အားနည်းနေတာ တွေ့ရှိရပါတယ်။ ပြည်သူများအတွက် အန္တရာယ်ကင်းစွာနဲ့ နေထိုင်ကြဖို့အတွက်လည်း စာချုပ်မှာပါဝင်ဆောင်ရွက်တဲ့ ဆက်သွယ်ရေးကုမ္ပဏီများရဲ့ တာဝန်ယူရမယ့် သတ်မှတ်ချက်တွေလည်းပြည့်စုံစွာ ပါရှိရန် လိုအပ်ချက်တွေလည်းများစွာ ဖြစ်ပေါ်နေပါတယ်။

ဒါ့ကြောင့် ဓာတ်အားလိုင်းတိုင်များပေါ်မှာ ဖိုင်ဘာကေဘယ်များ ချိတ်ဆွဲခြင်းကိုဆက်လက်ဆောင်ရွက်ခွင့်အား ၂၀၁၈ ခုနှစ်ကနေ စတင်ပြီး ဆိုင်းငံ့ထားခဲ့တာဖြစ်ပါတယ်။ ထိုဖြစ်စဉ်နဲ့ပတ်သက်ပြီး အမှတ်မထင်ကြုံတွေ့ရတဲ့ ကိစ္စရပ်လေးတစ်ခုကို တင်ပြလိုပါတယ်။ အဲဒါကတော့ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်အတွင်းမှာရှိတဲ့ ဓာတ်အားခွဲရုံများရဲ့ အခြေအနေနှင့်ဓာတ်အားဖြန့်ဖြူးတဲ့ စနစ်အတွင်းမှာရှိတဲ့ ဗို့အားအခြေအနေတွေကို စစ်ဆေးဖို့နဲ့ ကောင်းမွန်အောင်ဆောင်ရွက်ဖို့ ကျွန်တော်ကိုယ်တိုင် ဒဂုံမြို့သစ်တောင်ပိုင်းကို သွားရောက်ခဲ့ဖူးပါတယ်။ ထို့သို့သွားရောက်တဲ့ အစီအစဉ်ဟာ မိမိအနေနဲ့ ဌာနလုပ်ငန်းကို ဆောင်ရွက်ဖို့ သွားရောက်ခဲ့တာဖြစ်သော်လည်းပဲ ထိုအချိန်မှာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ကြိုတင်သိရှိပြီးတော့ စက်မှုဇုန်က လုပ်ငန်းရှင်များကို ကျွန်တော်သွားရောက်မယ့် ဓာတ်အားခွဲရုံမှ ကြိုတင်စောင့်ဆိုင်းကာ တွေ့ဆုံခွင့် တောင်းခံခဲ့ပါတယ်။ ကျွန်တော်ကလည်း လက်ခံတွေ့ဆုံခဲ့ပါတယ်။

အားလုံးထံကနေ လျှပ်စစ်နှင့်ပတ်သက်ပြီး သူတို့ရဲ့အခက်အခဲတွေ၊ သူတို့ဆန္ဒတွေ အားလုံးကို ကျွန်တော် ကြားနာခဲ့ပါတယ်။ ထို့သို့ကြားနာတဲ့အချိန်မှာ သူတို့ရဲ့ ပြောပြချက်ကတော့ ယခင်ကထက် လျှပ်စစ်ကို သူတို့သုံးစွဲရတဲ့ အခြေအနေအပေါ်မှာ သူတို့ စိတ်ကျေနပ်ပါတယ်ဆိုတာကို သိရပါတယ်။

သို့သော်လည်းပဲ သူတို့က ဘာပြောလဲဆိုလို့ရှိရင် မြို့နယ်တွေအတွင်းမှာ ဓာတ်တိုင်တွေ အပေါ်မှာ ဆက်သွယ်ရေးကြိုးတွေ လာဆောက်တဲ့အခါမှာ မူလက အပေါ်မှာဓာတ်ကြိုးတွေရှိတယ်။ အဲဒီဓာတ်ကြိုးရဲ့ အောက်ကမှ ဆက်သွယ်ရေးကြိုးက လာပြီးဆောက်တဲ့အခါမှာ ဓာတ်တိုင်နဲ့ မြေပြင်နှင့်ကြား ဆက်သွယ်ရေးကြိုးတွေရဲ့ကြားက ကင်းလွတ်တဲ့အမြင့်ဟာ အများကြီးနိမ့်သွားတယ်။ အဲဒီလိုနိမ့်သွားတဲ့အခါမှာ သူတို့လမ်းမတွေရဲ့ အပေါ်ကနေပြီးတော့ လမ်းမများနှာစာမှာရှိတဲ့ စက်ရုံဝင်းတွေထဲမှာ ဝင်ပေါက်ကားလမ်းတွေအတွင်းမှ ကုန်တွေသယ်လာတဲ့ကားတွေ ဝင်မယ်ဆိုရင် အဲဒီဆက်သွယ်ရေးကြိုးတွေနဲ့ ကားတွေနဲ့ မလွတ်တော့ဘူး။ ဒီအပြင် သူတို့စက်ရုံအနေနဲ့ ကတော့ ကိုယ့်စက်ရုံထဲကို ဝင်မယ့်ပစ္စည်းမို့လို့ ဒီဆက်သွယ်ရေးကြိုးတွေကို ဝါးတွေနဲ့ထောက် မြှင့်ပြီးတော့ ကားကို လွတ်အောင်သွင်းလို့ရပေမယ့် T ပုံစံ Joint ဖြစ်နေတဲ့ မော်တော်ကားချိုင့် ကားလမ်းတွေဆိုရင် ကားတွေချိုးဝင်တဲ့အခါမှာ မိမိစက်ရုံရှေ့လည်း မဟုတ်တော့ ဘယ်သူကမှ စောင့်ကြည့်နိုင်မှုမရှိဘဲနဲ့ ထိုသို့ ကားတွေဝင်တဲ့အခါမှာ ဆက်သွယ်ရေးကြိုးတွေနဲ့ ကုန်တင်ကား တွေနဲ့ချိတ်ပြီးတော့ အဲဒီဆက်သွယ်ရေးကြိုးတွေ ကားနောက်ကို ချိတ်ပါသွားတာနဲ့အမျှ ဓာတ်တိုင်တွေ အကုန်လုံး ပြိုလဲသွားတာတွေ၊ ဓာတ်တိုင်မပြိုလဲရင်တောင်မှ ဓာတ်တိုင်တွေ ခါယမ်းသွားတဲ့အခါမှာ ဓာတ်ကြိုးတွေအချင်းချင်း ရိုက်ခတ်ကာ စက်မှုဇုန်မှာ အသုံးပြုထားတဲ့ CNC Machine တွေ ချို့ယွင်း သွားတာတွေ ဖြစ်ပေါ်တဲ့အတွက်ကြောင့် စက်မှုဇုန်လုပ်ငန်းရှင်များက ကျွန်တော့်ကို အဲဒီမှာတင်ပြ တာကတော့ လိုင်းပေါ်မှာ ဖိုင်ဘာကြိုးများ တပ်ဆင်ခွင့်ပြုခြင်းအပေါ် ရပ်ဆိုင်းဖို့နဲ့ ပြန်လည် ဖြုတ်သိမ်းပေးဖို့တောင် တောင်းဆိုခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကတော့ မြေပြင်မှာ ကြားသိခဲ့ရတဲ့ အချက်လေးကို ယခုကိစ္စမှာ ပေါင်းစပ် တင်ပြထားခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံခြားမှာ ဆောင်ရွက်တာ ကျွန်တော်တို့နိုင်ငံမှာ ဘာလို့မလုပ်သလဲ ဆိုတာမျိုး အမြဲတမ်းဖြစ်တတ်ကြပါတယ်။ ဒါက နိုင်ငံခြားနဲ့ သွားသွားပြီး တိုင်းလိုက်တဲ့အခါမှာ ကျွန်တော် တင်ပြလိုတာတစ်ခုရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အသုံးပြုတဲ့ ကွန်ကရစ်ဓာတ်တိုင်များဟာ (၉)မီတာအမြင့်၊ (၁၀)မီတာအမြင့်၊ (၁၂)မီတာအမြင့် အဲဒီကွန်ကရစ်ဓာတ်တိုင်များကို အသုံးပြု ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းဖို့အတွက် လုံလောက်တဲ့ ကင်းလွတ်အကွာအဝေး ရရှိရန်လိုအပ်တဲ့ အခြေအနေနဲ့ အသုံးပြုတာဖြစ်ပါတယ်။ နိုင်ငံခြား တိုင်းပြည်တွေမှာ အသုံးပြုတဲ့ ကွန်ကရစ်ဓာတ်တိုင်များဟာ အထူး ဥပမာအားဖြင့် ထိုင်းနိုင်ငံမှာ ဆိုရင် (22)Meters, (23)Meters, (24)Meters တွေကို အသုံးပြုတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ တိုင်က ပိုပြီးမြင့်ပါတယ်။ ဓာတ်ကြိုးတပ်ပြီးတဲ့အောက်မှာမှ ဆက်သွယ်ရေးကြိုးကို ထပ်တပ်ရင်

ကင်းလွတ်အကွာအဝေး ပိုပြီးတော့ကင်းလွတ်နေပါတယ်။ ဒါဆိုရင် သူတို့လိုတိုင်မျိုး (22)Meters တွေ ကျွန်တော်တို့နိုင်ငံမှာ တပ်ပါလားဆိုခဲ့ရင် လက်ရှိ ကွန်ကရစ်ဓာတ်တိုင်ရဲ့ ဈေးနှုန်းထက် ပိုမို မြင့်မားတဲ့ ကွန်ကရစ်တိုင်ရဲ့ တန်ဖိုးကို ကျွန်တော်တို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့ ဘတ်ဂျက် လိုအပ်ချက်တွေ တစ်ခါတည်း မြင့်မားသွားမှာဖြစ်ပါတယ်။ ဒီလိုကိစ္စရပ်တွေ ဖြစ်ပေါ်မှာဖြစ်တဲ့ အတွက်ကြောင့်လည်း ကျွန်တော်တို့ဟာ လက်ရှိ မီးရရှိရေးကို တွင်တွင်ကျယ်ကျယ် ဦးစားပေး ဆောင်ရွက်နေတဲ့အချိန်မှာ တစ်နေရာတည်းမှာ ငွေတွေအများကြီးကို ဒီလောက် မြောက်မြားစွာ အသုံးမပြုနိုင်သေးတဲ့အတွက်ကြောင့် အခြေအနေအရ ကွာခြားနေတယ်ဆိုတာလေးကို ဖြည့်စွက် တင်ပြလိုပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပိုင် ဓာတ်အားလိုင်းတွေအပေါ်မှာ ဖိုင်ဘာကေဘယ်တွေ တပ်ဆင်အသုံးပြုမယ်ဆိုလို့ရှိရင် လက်ရှိတည်ဆောက်ထားတဲ့ ဓာတ်အားလိုင်းတွေဟာ အကာမပါတဲ့ Open Conductor တွေဖြစ်နေတယ်။ ဒီအခါမှာ ကျွန်တော်တို့ ထပ်မံတွေ့ကြုံရတာက ဆက်သွယ်ရေး ကုမ္ပဏီဆိုတာက သူတို့ရဲ့ ဖိုင်ဘာကြိုးတွေ တပ်ဆင်ဖို့ကြရင် ပုဂ္ဂလိက နောက်ထပ် ကုမ္ပဏီကို လုပ်ငန်းပုတ်ပြတ် အပ်လိုက်ပါတယ်။ ထိုကုမ္ပဏီများကလည်း လေဘာတွေ ဒီတိုင်း ခန့်ပြီးတော့ တက်ပြီးတပ်ပါတယ်။ တပ်ပေမယ့် သူတို့သည် လျှပ်စစ်အန္တရာယ်ကို ဂရုမစိုက်ဘဲနဲ့ အန္တရာယ်တွေဖြစ်ပြီး သေဆုံးမှုတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ဖူးပါတယ်။ ဓာတ်လိုက်မှုတွေလည်း ဖြစ်ခဲ့ဖူး ပါတယ်။ ဒ့ါကြောင့် မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတဲ့ ဆက်သွယ်ရေးကုမ္ပဏီများရဲ့ နည်းစနစ်တကျ လိုက်နာမှုမရှိခြင်း အားနည်းခြင်းများဟာလည်း အမြောက်အမြား တွေ့ရှိရတာဖြစ်ပါတယ်။ ဓာတ်အားလိုင်းတွေရဲ့ ဗို့အားအလိုက် တိုင်အနိမ့်အမြင့်ပေါ်မူတည်ပြီး သတ်မှတ်မြေပြင်ကင်းလွတ် အမြင့်ပေ မရနိုင်ခြင်းနှင့် ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနက ဝန်ထမ်းတွေက ဆောင်ရွက်တဲ့အခါမှာ အဲဒီဆက်သွယ်ရေးကြိုးတွေကလည်း အနှောင့်အယှက် ဖြစ်နေနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်နဲ့ မမျှော်မှန်းနိုင်တဲ့ ကိစ္စရပ်များကြောင့် ဓာတ်အားလိုင်းများ ပျက်စီးမှုများကို ပြန်လည်ပြုပြင်ရတဲ့အချိန်မှာလည်းပဲ အဆိုပါ ဆက်သွယ်ရေး ဖိုင်ဘာကေဘယ် ကြိုးတွေကို ဖယ်ရှားပြီးမှ ဆောင်ရွက်လို့ရတဲ့အခါမှာ ပြည်သူတွေလိုချင်တဲ့ လျှပ်စစ်ဓာတ်အားကို လျင်လျင်မြန်မြန် ပြန်လည်ဖြန့်ဖြူးနိုင်ရေးအတွက် နှောင့်နှေးကြန့်ကြာမှုများတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ များပြားလှတဲ့ ဆက်သွယ်ရေး Operator တွေရဲ့ ထပ်မံလျှောက်ထားမှု အားလုံးကိုသာ ခွင့်ပြုဆောင်ရွက်လိုက်မယ်ဆိုခဲ့လို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဓာတ်ပုံမှာပါသကဲ့သို့ တကယ်တမ်းက ကေဘယ်ကြိုးများဟာ လူမြင်မကောင်းလောက်အောင် ရှုပ်ထွေးပြီး မျက်စိပသာဒမဖြစ်ဘဲ မြို့ပြရဲ့သပ်ရပ်လှပမှုပုံရိပ်ကိုလည်း ကျဆင်းပြီး လက်ရှိ ဓာတ်အားလိုင်း တိုင်များရဲ့ ကြံ့ခိုင်မှုများကိုလည်း ထိခိုက်လာစေနိုင်မှာဖြစ်ပါတယ်။ တကယ်တမ်း ပိုမိုဆောင်ရွက် သင့်တာကတော့ ဆက်သွယ်ရေးကုမ္ပဏီများ အားလုံးပေါင်းပြီးတော့ မြေကြီးကို အပေါ်ကနေ တူးရန်

မလိုဘဲနဲ့ ခေတ်မီစက်များကို အသုံးပြုကာ မြေကြီးကို တွင်းဖောက်ထိုးပြီးတော့ ဆက်သွယ်ရေး ကေဘယ်ကြိုးများကိုချတဲ့စနစ်နဲ့ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မေး။

အချိန်၊ ၁၂:၂၂။

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ မီးစက်နဲ့ ဓာတ်အားလိုင်းကြိုးတွေ ထောက်ပံ့မယ်ဆိုတာသိရလို့ ဝမ်းသာ ပါတယ်။ ကျွန်တော်တို့ ဒီမှာ (၁၅)ရွာမှာ ရနေတာက အရင်က တစ်ညကို (၂)နာရီ စက်သုံးဆီ မောင်းခွင့်ရပါတယ်။ အခု ကလေးဝမြို့က (၂၄)နာရီ မီးဓာတ်အားလိုင်းရသွားလို့ ကလေးဝမြို့ရဲ့ ဆီခွဲတမ်းတွေ ကျွန်တော်တို့ တမူးမြို့ကို ပို့တဲ့အခါကျတော့ တစ်ရွာကို အခုကျွန်တော်တို့ တစ်ညကို (၂)နာရီကနေ (၃)နာရီ မောင်းခွင့်ရှိနေပါပြီ။ ဒါပေမဲ့ (၁၀)အိမ်စုလေးရှိတဲ့ အုတ်ဖို၊ ကန်ပေါင်မှာ တောင်မှ အနည်းဆုံး အရင်က ဒီဇယ်ဂါလန်(၅၀)ရခဲ့ပါတယ်။ (၈၀)အိမ်ခြေရှိတဲ့ ဒီ ဝက်ရှုကျေးရွာ ကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဝန်ကြီးဌာနရဲ့ အသုံးငွေစာရင်းထဲမှာ ထည့်သွင်းပြီးတော့ ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ ထပ်မံပြီးတော့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေကြားနိုင်ရင် ဖြေကြားပေးပါ။

**အချိန်၊ ၁၂:၂၃။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ ဆက်စပ် မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းဟာ နှစ်စဉ် အရှုံးပေါ်နေတာဖြစ်ပါတယ်။ အဲဒီလို နှစ်စဉ်အရှုံးပေါ်နေတဲ့ အဓိက အကြောင်းရင်းထဲမှာ ဓာတ်အားဖြန့်ဖြူးရောင်းချရတဲ့ ဓာတ်အားခနှုန်းထား ဈေးနိမ့်ခြင်း တစ်ခု အပါအဝင်ဖြစ်သလို ဒီဇယ်ဆီများနဲ့သုံးပြီးတော့ လျှပ်စစ်ဓာတ်အားပေးရတဲ့ အကြောင်းအရင်း တစ်ခုကြောင့်လည်း ဖြစ်ပါတယ်။ ကလေးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်ကနေ ဓာတ်အားရရှိ ပြီးတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ မူလရည်ရွယ်ချက်တွေကတော့ နိုင်ငံတော်ရဲ့ ဓာတ်အားလိုင်းတွေ ပိုမိုတိုးချဲ့တည်ဆောက်နိုင်ရန်အလို့ငှာ တိုးချဲ့တည်ဆောက်သွားရင်းနဲ့ အဲဒီဒေသကို လျှပ်စစ် ဓာတ်အား ရောက်ရှိသွားရန် ထိုဒေသမှာ မူလကပေးနေတဲ့ ဒီဇယ်ဆီတွေကို ဆက်လက်အသုံးမပြုဘဲ လျှော့ချခြင်းအားဖြင့် ဒီဇယ်ဆီစရိတ်တွေကို သက်သာအောင် ချွေတာခြင်းအားဖြင့် Save ဖြစ်လာမယ့် ငွေများကို နောက်ထပ် မဟာဓာတ်အားလိုင်းနဲ့ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို လျှပ်စစ်ဓာတ်အား မရရှိသေးတဲ့ နေရာတွေမှာ တိုးချဲ့တည်ဆောက်သွားရန် အသုံးပြုဖို့ ရည်ရွယ်လျာထားခဲ့ကြပါတယ်။ လက်တွေ့ဆောင်ရွက်တဲ့အချိန်မှာတော့ ဥပမာ ကလေးမြို့ကို လျှပ်စစ်ဓာတ်အား မဟာဓာတ်အား

လိုင်းကနေ ဓာတ်အားရရှိသွားပြီဆိုတာနဲ့တစ်ပြိုင်နက် ဒေသခံတွေဖက်က ကိုယ်စားလှယ်တွေဘက်က တွေးတာကတော့ အဲဒီမှာ ရရှိပြီးသားခွဲတမ်းကို အဲဒီနယ်မြေတွေအတွင်းမှာ ဆက်လက်အသုံးပြုခွင့်ဆိုပြီး တောင်းခံတဲ့အခါမှာ ကျွန်တော်တို့ ခုနကလို ဘဏ္ဍာငွေတွေကို သက်သာအောင် Save ဖြစ်အောင်လုပ်ပြီးတော့မှ အခြားဒေသတွေကို မဟာဓာတ်အားလိုင်း ထပ်ရောက်ရှိအောင် ဆောင်ရွက်နိုင်မယ့် အစီအစဉ်တွေ အားနည်းခဲ့လို့ ထပ်မံအားနည်းလာတာ ဖြစ်ပါတယ်။

ယခု ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကလေးမြို့ကနေ ဆီတွေကို အခြားကျေးရွာတွေ၊ မြို့တွေမှာ ခွဲဝေသုံးစွဲတယ်ဆိုတာနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရရယ်၊ လွှတ်တော်ကိုယ်စားလှယ်ရယ် ထပ်မံညှိနှိုင်းပြီး လက်ရှိ ခွဲပေးထားတဲ့ဆီတွေထဲကနေ ပြန်လည်မျှတ သုံးစွဲနိုင်ရင် ရနိုင်မယ်လို့ ကျွန်တော် ဖြေကြားလိုပါတယ်။ နောက်တစ်ချက်ကတော့ နောင်လာမယ့် ဘဏ္ဍာရေးနှစ်များမှာ ဘတ်ဂျက်တွေထည့်သွင်းလျာထားပြီး မပေးနိုင်ဘူးလားဆိုတာနဲ့ပတ်သက်ရင်ကတော့ ဘတ်ဂျက်လျာထားတဲ့အချိန်မှာ ကျွန်တော်တို့ ခုနက ရှင်းပြသလို ဒီဇယ်ဆီတွေအပေါ်မှာ ထပ်မံပြီး ဘတ်ဂျက်တွေ တိုးမြှင့်လျာထားသွားဖို့ထက် ကျွန်တော်တို့ တည်ဆောက်ရေးလုပ်ငန်းများအတွက် ပိုပြီးတော့ ဘတ်ဂျက်လျာထားသွားဖို့သာ ကြိုးစားလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၂၄။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ယခုလို ဥက္ကဋ္ဌကြီးက ကျွန်တော့်ရဲ့မေးခွန်းကို ပြန်လည် ပြန်မေးခွင့်ပေးတဲ့အတွက် ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်။ ဝန်ကြီးဖြေကြားသွားတာ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းအပေါ် ပြန်လည်မေးခြင်းကိုလည်း ကျွန်တော်ရဲ့ မေးခွန်းကိုလည်း ကျွန်တော်ထင်တာကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မမေးခင် ကျွန်တော် မေးထားခြင်းဖြစ်ပါတယ်။ ကျွန်တော် အနည်းငယ် ပြန်ပြောချင်တာက ကျွန်တော်တို့ ဝန်ကြီးချုပ်ရဲ့ တင်ပြချက်အရ ကန့်ကွက်နေတာက လျှပ်စစ်စက်ရုံကို ကန့်ကွက်နေတာက ပြည်သူတွေဖြစ်နေတယ်။ ကျွန်တော်တို့ ရဟန်းရှင်သူ----

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး။ လိုရင်းကို မေးလိုက်ပါ။ ဘာလိုချင်တာလဲ။ သဘာဝပတ်ဝန်းကျင်က ခွင့်မပြုလို့ ဆက်မလုပ်တော့ဘူးဆိုတော့ ------------

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ဆိုတော့ တစ်နိုင်ငံလုံး လက်ရှိအခြေအနေတစ်ခုလုံးမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တွေ ပြည်သူတွေက တော်တော်လေးကို လျှပ်စစ်လိုအပ်နေပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ သဘောထားမှတ်ချက်အပေါ် ကျွန်တော်တို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ စက်ရုံပြန်လည်တည်ထောင်

တည်ဆောက်နိုင်ရေးအတွက် သုံးသပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ထပ်ဆင့်မေးလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖြေ။

**အချိန်၊ ၁၂:၂၇**။

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ထပ်မံရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းနဲ့ ပတ်သက်ပြီး ကနဦး မူလအဖြေမှာကို ပြည့်စုံစွာ ဖြေကြားခဲ့တာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့ လုပ်ငန်းမို့လို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူရတယ်။ အဓိက တာဝန်ယူရတာတော့ မှန်ပါတယ်။ သို့သော် လုပ်ငန်းနှင့် ဆက်စပ်လာခဲ့ရင် ကျွန်တော်တို့ ရှေ့နေချုပ်ရုံး၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံဖန်ရုံခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စတဲ့ ဌာနပေါင်းများစွာနဲ့ ကျွန်တော်တို့ ပေါင်းစပ်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရတာ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ ဌာနအသီးသီးက ၎င်းတို့နှင့် အဓိကသက်ဆိုင်တဲ့ကဏ္ဍမှာ သူတို့ရဲ့ သဘောထားမှတ်ချက်တွေကို ကျွန်တော်တို့ကို ပြန်ကြားတာဖြစ်ပါတယ်။ အဆိုပါ သဘောထားမှတ်ချက်တွေ ပြန်ကြားလာတဲ့အခါမှာ မိမိတို့ ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ထုတ်တဲ့လုပ်ငန်းကို ကိုယ်က အဓိကတာဝန်ယူရသော်လည်း ၎င်းဆက်စပ်တဲ့ အခြားလုပ်ငန်းတာဝန်တွေကို တာဝန်ယူရတဲ့ ဝန်ကြီးဌာနတွေ ဌာနအသီးသီးရဲ့ သဘောထားမှတ်ချက်တွေအပေါ်မှာလည်းပဲ ကျွန်တော်တို့ လေးလေးစားစား လိုက်နာဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ဒီအတွက် ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်အပေါ်မှာတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆန္ဒသဘောထားရှိခဲ့လို့ရှိရင် ကျွန်တော်တို့ ထပ်မံမေးမြန်းသွားပြီး ပြန်ကြားပေးမှာ ဖြစ်ပါတယ်ဆိုတာကို ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ်အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ်အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါ်ထုမေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၂၉။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီနေ့ အမျိုးသားလွှတ်တော်မှာ တင်သွင်းမယ့် အဆိုကတော့ မြန်မာနိုင်ငံမှာရှိကြတဲ့ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ်အသီးသီးမှာ အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒီအဆိုတင်သွင်းရတဲ့ အဓိကအကြောင်းအရင်းကတော့ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှာရှိကြတဲ့ တိုင်းရင်းသားလူငယ်များနဲ့ နိုင်ငံသားလူငယ်များ အဆင့်မြင့်ပညာရေးကို ပိုမိုသင်ကြားခွင့်ရရှိရန်ဖြစ်ပြီး မြန်မာနိုင်ငံအနာဂတ် လူသားစွမ်းအားအရင်းအမြစ်ကို မြှင့်တင်စေရန် ရည်ရွယ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ အခြေခံပညာ အထက်တန်းအောင်မြင်ပြီးချိန်မှာ မိသားစုစီးပွားရေးအခြေအနေအရ အဆင့်မြင့်တက္ကသိုလ်များကို ဆက်လက်တက်ရောက်ဖို့ အခက်အခဲရှိတဲ့ ကျောင်းသားတွေဟာ ခေတ်အဆက်ဆက်မှာရှိခဲ့ပါတယ်။ ဒီနေ့ ဒီခေတ်မှာလည်း ရှိနေဆဲဖြစ်ပါတယ်။ ထူးချွန်ပေမယ့်လည်း ငွေကြေးမတတ်နိုင်တဲ့အတွက် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တက်ဖို့ အခက်အခဲရှိတဲ့ ကျောင်းသူ၊ ကျောင်းသားလူငယ်

တွေဟာ အလုပ်ခွင်ကို ဆောလျင်စွာ ဝင်ရောက်သွားခြင်းဟာလည်း လူသားစွမ်းအားအရင်း အမြစ်ဆိုင်ရာ ဆုံးရှုံးမှုတစ်ခုပဲဖြစ်ပါတယ်။ အထူးသဖြင့် ရခိုင်ပြည်နယ်အပါအဝင် ဆင်းရဲပြီး ဖွံ့ဖြိုးမှုနည်းပါးတဲ့ဒေသမှ ကျောင်းသူ၊ ကျောင်းသားများဟာ ငွေကြေးမတတ်နိုင်တဲ့အတွက် မိမိတို့ ဒေသအတွက် ပြန်လည်အကျိုးပြုနိုင်မည့် ပညာရေးတွေယူဖို့ထက် အလုပ်လုပ်ရင်း ဘွဲ့တစ်ခုကိုရဖို့ ဦးစားပေး လိုက်ရတာတွေရှိပါတယ်။ ဒါ့အပြင် ငွေကြေးမတတ်နိုင်တဲ့အတွက် ပညာရေးကိုစွန့်ပြီး တိုင်းတစ်ပါးမှာ အောက်ခြေသိမ်းအလုပ်တွေကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေကြရပါတယ်။ ငယ်ရွယ် နုပျိုတဲ့ဦးနှောက်နဲ့ တက်ကြွတဲ့ အင်အားပိုင်ရှင်လူငယ်များရဲ့ ခိုင်မာတဲ့ ပညာရေး ရည်မှန်းချက်များ ပြည့်ဝဖို့ ငွေကြေးအခက်အခဲဟာ အခက်အခဲတစ်ခု တစ်ရပ်အနေနဲ့ မဖြစ်သင့်ပါဘူး။ ထူးချွန် ကျောင်းသားများ၊ ရည်မှန်းချက်ရှိတဲ့ ကျောင်းသားများ အဆင့်မြင့်ပညာရေးကို ပိုမိုလက်လှမ်းမီဖို့ အတွက် နိုင်ငံတော်အနေနဲ့ လိုအပ်တဲ့ကူညီမှုတွေ၊ အစီအစဉ်ကောင်းတွေ ရှိသင့်ပါတယ်။ အဆင့်မြင့် ပညာရေးကို ကျောင်းသားအများစု လက်လှမ်းမီသင်ကြားနိုင်ဖို့အတွက် ချေးငွေအစီအစဉ်ဟာ အဓိကကျတဲ့နေရာက ပါဝင်လျက်ရှိပါတယ်။ ဒါ့ကြောင့် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံ အပါအဝင် စီးပွားရေးကောင်းမွန်တဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများမှာပါ ကျောင်းသားများအတွက် ချေးငွေ အစီအစဉ်များ ထားရှိကြောင်း တွေ့ရှိရပါတယ်။

လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အဆင့်မြင့်ပညာရေးကို လက်လှမ်းမီ တက်ရောက်သင်ယူနိုင်တဲ့ ကျောင်းသားအရေအတွက် နည်းပါးခြင်းဟာ နိုင်ငံရဲ့ အကောင်းဆုံးသော အလုပ်အကိုင်တွေကို တိုင်းတစ်ပါးသားလက်တွေ လက်ထဲထိုးအပ်နေခြင်းဖြစ်တယ်ဆိုတာ စဉ်းစား မိဖို့လိုမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသားတွေ ခိုင်းဖတ်မဖြစ်ဖို့ အဆင့်မြင့်ပညာရေးကို များများ လက်လှမ်းမီဖို့လိုပါမယ်။ ကျောင်းသားများအတွက် ချေးငွေအစီအစဉ်များ ရှိခဲ့မယ်ဆိုရင် ကျောင်းသားဟာ သူ့ပညာရေးစရိတ်နဲ့သူ ကိုယ့်တာဝန်ကိုယ်ယူနိုင်မှာ ဖြစ်ပါတယ်။ မိဘများရဲ့ ပညာရေးဆိုင်ရာ အသုံးစရိတ်ဝန်ထုပ်ဝန်ပိုးကိုလည်း သက်သာစေမှာဖြစ်သလို ကျောင်းသားများအနေနဲ့လည်း ပညာရေးအပေါ် အထူးအာရုံစိုက်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အနာဂတ်မြန်မာ့လူငယ်များအနေဖြင့် မိမိခြေထောက်မိမိရပ်တည်နိုင်ပြီး နိုင်ငံသားတစ်ဦးချင်းစီရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အလေ့အကျင့် ကောင်းများ ဖြစ်ကြမည့်အပြင် တစ်ဦးချင်းအရည်အသွေးများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပြီး မြန်မာ နိုင်ငံမှ ချမှတ်အကောင်အထည်ဖော်နေတဲ့ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် အထောက်အကူဖြစ်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ထို့အပြင် နိုင်ငံသားများရဲ့ တစ်ဦးချင်း ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲတတ်မှုများ များပြားလာပြီးတော့ နိုင်ငံတကာမှ လူငယ်များကဲ့သို့ မိမိကိုယ်ကိုယ် မိမိယုံကြည်မှုများ ရရှိလာကာ လူသားစွမ်းအားအရင်းအမြစ်တိုးတက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာလိုအပ်လျက်ရှိတဲ့ ကဏ္ဍကြီးဖြစ်တဲ့ သုတေသနလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးကို

ဦးတည်ပြီးတော့ ကျောင်းသားများအနေနဲ့ သက်ဆိုင်ရာ ဘာသာရပ်များအတွက် သုတေသနများ ဆောင်ရွက်ရာမှာလည်းကောင်း၊ မဟာဘွဲ့ယူကျမ်းများ၊ ပါရဂူဘွဲ့များ ကျမ်းပြုစုရာမှာလည်းကောင်း အသေးစားချေးငွေများ ရရှိမည်ဆိုပါက ပိုမိုအရည်အသွေးကောင်းမွန်ပြီး ဘွဲ့ယူစာတမ်းများကိုလည်း အချိန်ယူပြုစုနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာရှိ အဆင့်မြင့်ပညာရေး တက္ကသိုလ်များမှာလည်း ကျောင်းသားများအတွက် ချေးငွေဆိုင်ရာ အစီအစဉ်အမျိုးမျိုးကို ထားရှိပေးခြင်းဖြင့် ကျောင်းသားများ အဆင့်မြင့်ပညာရပ် သင်ကြားရေးမှာ အထောက်အကူပြု အခက်အခဲမရှိအောင် စီစဉ်ထားပေးကြ ပါတယ်။ ချေးငွေအတွက် ရန်ပုံငွေတစ်ရပ် သတ်မှတ်ခြင်း သို့မဟုတ် နိုင်ငံတော် ဘဏ်တစ်ခုခုနှင့် ချေးငွေအစီအစဉ် သို့မဟုတ် ပုဂ္ဂလိကဘဏ်များ၏ ချေးငွေအစီအစဉ်ဖြင့် သင့်တော်မည့်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည်လို့ ယုံကြည်ပါတယ်။

ချေးငွေပုံစံ အမျိုးမျိုးရှိပေမယ့် ကျောင်းသားများအတွက် အတတ်နိုင်ဆုံး ရေရှည် ချေးငွေ များဖြစ်သင့်ပြီး ၎င်းတို့လုပ်ငန်းခွင်ဝင်ပြီး ဝင်ငွေများရရှိမှသာ အရစ်ကျပြန်ဆပ်နိုင်မယ်ဆိုလို့ရှိရင် အကောင်းဆုံးဖြစ်မယ်လို့ ယူဆမိပါတယ်။ ဒါ့အပြင် ထူးချွန်ကျောင်းသားများ ပညာသင်ပြီးဆုံးချိန်မှာ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများအတွက် ချေးငွေယူပေးတဲ့အစီအစဉ် အတိုးနှုန်း ပယ်ဖျက်ပေးတဲ့အစီအစဉ် တချို့တစ်ဝက်သာ ပြန်လည်ပေးဆပ်နိုင်တဲ့အစီအစဉ်များကိုပါ ထည့်သွင်း စဉ်းစားအကောင်အထည်ဖော်သင့်ကြောင်း တိုက်တွန်းအပ်ပါတယ်။

အဓိက ကတော့ မိမိနိုင်ငံ တက္ကသိုလ်၊ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများနဲ့ ကိုက်ညီမဲ့ ချေးငွေအစီအစဉ်တစ်ရပ်ကို ညှိနှိုင်းအကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ ပညာရေးဆိုင်ရာ ထောက်ပံ့ကြေးများ၊ ပညာသင်ဆုအစီအစဉ်များ အလွန်နည်းပါး နေတဲ့အတွက် ပညာရေးဆိုင်ရာ ချေးငွေများထုတ်ပေးနိုင်မယ်ဆိုရင် အဆင့်မြင့်ပညာများ သင်ယူ လေ့လာရေးမှာ ဝင်ငွေနည်းပါးတဲ့ မိသားစုများမှ ကျောင်းသူ၊ ကျောင်းသားများ ပါဝင်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဝန်ထမ်းမိသားစုများမှ ကျောင်းသူ၊ ကျောင်းသားများဟာ ချေးငွေ အစီအစဉ်မှာ ပါဝင်ခြင်းဖြင့် ဝန်ထမ်းများ၏ ပညာရေးဆိုင်ရာ အသုံးစရိတ်အခက်အခဲကို လျှော့ချပေး နိုင်တဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ များစွာထိရောက်မယ်လို့ ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင် နိဂုံးချုပ်အနေဖြင့် ပညာသင်ဆုများ၊ ပညာသင် ထောက်ပံ့ကြေးများ၊ ပညာရေးဆိုင်ရာ ချေးငွေများဟာ ကောင်းမွန်တဲ့ပညာရေးစနစ်တစ်ခုမှာ ရှိသင့် ရှိထိုက်တဲ့ အရာတွေဖြစ်ပါတယ်။ နိုင်ငံမှာ ပညာရည်အရည်အသွေးတိုးတက်အောင် အဖက်ဖက်မှ ဆောင်ရွက်နေကြတာ အားလုံးအသိပါ။ ပညာရည်အရည်အသွေးကောင်းမွန်ပေမဲ့ နိုင်ငံရဲ့လူအများစု ဖြစ်တဲ့ ဝင်ငွေနည်းမိသားစုတွေက အဆင့်မြင့်ပညာကို လက်လှမ်းမမီနိုင်ဘူးဆိုလို့ရှိရင် အဓိပ္ပာယ် ရှိမှာမဟုတ်ပါဘူး။ ဒါ့ကြောင့် အဆင့်မြင့်ပညာရေးကို အလွှာစုံမှ ကျောင်းသူ၊ ကျောင်းသားများ ပိုမို လက်လှမ်းမီရေးအတွက် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်တစ်ရပ်ကို စဉ်းစားကြံဆ အကောင်အထည်ဖော်

ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၃၅။**

**ဥက္ကဋ္ဌ။**　　။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၃၅။**

**ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ကျောင်းသားလူငယ်များ အလုပ်အကိုင်နှင့် ဘဝတစ်သက်တာ သင်ယူမှုဆိုင်ရာ မျှော်မှန်းချက်တွေကို ဖြည့်ဆည်းဖို့အတွက် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နေရတဲ့အခါမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကျောင်းသားလူငယ်များ ၂၁ ရာစုမှာ ရှင်သန်ရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်တဲ့အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် အားထုတ်သင်ယူ နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေနဲ့ လမ်းဖွင့် ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။

ထို့အတူပဲ အဆင့်မြင့်ပညာများ ဆက်လက်ဆည်းပူး သင်ယူလိုတဲ့ လူငယ်လူရွယ်များ ပညာဆက်လက် သင်ယူစိတ်များ ပေါ်ထွန်းလာစေဖို့အတွက် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံဟာ အခက်အခဲပေါင်းစုံမှ ရုန်းထနိုင်ဖို့အတွက် နည်းလမ်းပေါင်းစုံသုံးပြီး ကြိုးစားနေရတာဖြစ်ပါတယ်။ အဲဒီအခက်အခဲတွေကြားထဲမှာ အခြေခံပညာမူလတန်းကနေ အထက်တန်း ပညာရေး ပြီးဆုံးသူအရေအတွက် တိုးတက်မြင့်မားလာရေး အထက်တန်းပညာအဆင့် ပြီးဆုံးသူများ အခြေခံပညာအဆင့်မြင့်များ တက်လှမ်းသင်ယူတတ်မြောက်နိုင်ရေး စတဲ့ အရေးကိစ္စတွေလည်း ပါဝင် ပါတယ်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ် စတဲ့ဒေသတွေမှာ လက်နက်ကိုင် ပဋိပက္ခများရဲ့ အကျိုးဆက်များကြောင့် အခြေခံပညာ မပြီးဆုံးခဲ့သူများပါတယ်လို့ အဆင့်မြင့်ပညာ များမှာလည်း ဆက်လက် ပညာဆည်းပူးနိုင်တဲ့အရေအတွက်ဟာလည်း နိမ့်ကျနေဆဲဖြစ်ပါတယ်။

ထို့အတူပဲ တစ်ခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာလည်း ပညာသင်စရိတ် ချို့တဲ့မှု၊ မလုံလောက်မှုစတာတွေကြောင့် အဆင့်မြင့်ပညာဆည်းပူးရာမှာလည်း အကြီးမားဆုံး စိန်ခေါ်မှုတစ်ခု ဖြစ်နေပါတယ်။ ဒါကြောင့် အထက်တန်းပညာပြီးဆုံးပြီး အဆင့်မြင့်ပညာများ ဆက်လက်သင်ယူမယ့်အချိန်မှာ မိဘစီးပွားရေးအခက်အခဲ ငွေကြေးအခက်အခဲများကြောင့် တက္ကသိုလ်ပညာရေးကို စွန့်လွှတ်လိုက်ရတဲ့အဖြစ်မျိုးကို တတ်နိုင်သမျှပံ့ပိုးကူညီပေးသင့်ပါတယ်။ ဒီလိုပံ့ပိုးပေးခြင်းဖြင့်လည်း နိုင်ငံတော်အတွက်လိုအပ်နေတဲ့ လူသားအရင်းအမြစ်များကို ကယ်တင် ရာရောက်တယ် တိုင်းရင်းသားဒေသမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိတဲ့ အရင်းအမြစ် များကိုလည်း ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ရဲ့ အဆိုဖြစ်တဲ့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ်အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အတိုးနှုန်းနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် စိုင်းထွန်းအောင် က ထောက်ခံ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ထုမေ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ် အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါ်ထုမေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၃၈။**

**ဥက္ကဋ္ဌ။** ။ ဒေါ်ထုမေ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညှိနှိုင်းကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၂:၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]